# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၇)၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ၂၆-၁၂-၂၀၂၄၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါး စည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ် ။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၁)ရပ်ကွက်ရှိ စိန့်မိုင်ကယ်ကက်သလစ်ဘုရားကျောင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ ဇနီး၊ ကောင်စီဝင် ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ၊ ခွန်စံလွင်နှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရစ်ယာန် ဘုန်းတော်ကြီးများ၊ ဆရာတော်များ၊ သီလရှင်များ၊ ဆရာများ၊ စစ္စတာများ၊ ကက်သလစ်လူငယ်အဖွဲ့များ၊ ခရစ်ယာန်ဘာသာဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ခရစ်တော်မွေးနေ့(ခရစ္စမတ်)အခမ်းအနားကို အဖွင့်မေတ္တာဖြင့် ဘုန်းတော်ကြီး စိုးလင်းအောင်က ဖွင့်လှစ်ပေးပြီး ခရစ်ယာန်ဘာသာဝင် လူငယ်များက ဓမ္မသီချင်းဖြင့် သီဆိုချီးမွမ်းကြကာ ဘုန်းတော်ကြီး ဦးကျော်ငြိမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အပေါ်ယာပုံ)**




ယင်းနောက် ဆရာတော် ဦးအောင်ဇော်က အထူးဆုမွန်ကောင်းတောင်းစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ဇနီးတို့က အခမ်းအနားသို့ တက်ရောက်ကြသူများနှင့်အတူ "တိတ်ဆိတ်ည သန့်ရှင်းညကျူး" ဓမ္မသီချင်းကို သီဆိုချီးမွမ်းကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးထံ ဘုန်းတော်ကြီး၊ သီလရှင်နှင့် ဆရာတော်တို့က ခရစ္စမတ်အမှတ်တရ ဂါရဝပြုလက်ဆောင်နှင့် ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြရာ ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်သစ်သီးခြင်း ပြန်လည်ပေးအပ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များက ခရစ်တော်မွေးနေ့(ခရစ္စမတ်)အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရစ်ယာန်ဘာသာဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက ဘုန်းတော်ကြီးများ၊ ဆရာတော်များ၊ သီလရှင်များ၊ ဆရာများနှင့် စစ္စတာများအား ခရစ္စမတ်လက်ဆောင်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြပြီး ခရစ်တော်မွေးနေ့(ခရစ္စမတ်)အထိမ်းအမှတ် မိတ်သဟာယ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၀-၀-၀-၀-၀

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ ကြာသပတေးနေ့။

မန္တလေး

# စာဖတ်ခြင်း အလေ့အကျင့်များ ပြုစုပျိုးထောင်နိုင်အောင် ဆောင်ရွက်လျက်ရှိ

ဝါသနာဆိုသည်မှာ အားလပ်နေသောအချိန်တွင် ပျော်ရွှင်စွာလုပ်ကိုင်နေသောအလုပ်ဟူ၍ ဆရာပီမိုးနင်းက ဆိုခဲ့ပါသည်။ လူတစ်ကိုယ် ဝါသနာတစ်မျိုးရှိတတ်ကြသည်။ အချို့သော ဝါသနာများသည် လူကို ကောင်းကျိုးပေး၍ အချို့မှာမူ လူကို ဆုတ်ယုတ်ပျက်စီးစေသည်။ ဝါသနာအမျိုးမျိုးရှိသည့်အနက် စာဖတ်ခြင်းဝါသနာမှာ လူသားတို့အတွက် ကောင်းကျိုးများစွာကို ဖြစ်ပေါ်စေသည်။ စာပေသည် အမှောင်ကိုခွင်း၍ အလင်းကိုဆောင်ပေးသော တန်ဆောင်ဆီမီး ဖြစ်သည်။ အမှားကိုမြင်၍ အမှန်ကိုပြင်နိုင်ရန် ဆင်ခြင်ဉာဏ်ကိုပေးသောလမ်းပြကြယ်ဟု ဆိုရမည်ဖြစ်သည်။ အကောင်းနှင့်အဆိုးကို ဝေဖန်ပိုင်းခြားနိုင်ရန် လမ်းပြပွဲပြင်ပေးသော ဘဝ၏ ရှေ့ဆောင်လည်းဖြစ်သည်။

စာပေဟူသည်မှာ "အကြောင်းအရာအဖြစ်အပျက် အတွေးအခေါ်တို့ကို ရသမြောက်အောင် သုတပွားအောင် ရေးဖွဲ့ထားသည့်စာ" ဟူ၍ မြန်မာအဘိဓာန်က ဖွင့်ဆိုထားသည်။ စာပေနှစ်မျိုးရှိသည် ပထမတစ်မျိုးမှာ စာဖတ်သူကို ဗဟုသုတပေးသော သုတစာပေဖြစ်သည်။ ဒုတိယတစ်မျိုးမှာ စာဖတ်သူကို ရသနှစ်သက်ခြင်းပေးသော ရသစာပေဖြစ်သည်။ ထို့ပြင် စာဖတ်သူအတွက် သုတရော၊ ရသပါပေးသည့် သုတရသစာပေ၍လည်းရှိသေးသည်။ မည်သို့ပင်ဖြစ်စေကာမူ စာပေအမျိုးမျိုးက ဗဟုသုတအမျိုးမျိုးကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

ထို့ပြင် လူလောကဘဝခရီးလမ်းတွင် ခံ့ညားတင့်တယ်စွာ ရပ်တည်နိုင်လိုသူမှန်သမျှ အသိပညာ၊ အတတ်ပညာတို့နှင့် ကောင်းစွာပြည့်စုံရန်လည်း လိုအပ်မည်ဖြစ်သည်။ ထိုသို့ပြည့်စုံစေရန်အတွက် စာဖတ်ခြင်းက ရာနှုန်းပြည့် ထောက်ပံ့ပေးနိုင်စွမ်းရှိရာ လူ့လောက၏ သိစရာ၊ မှတ်စရာ၊ တတ်သိနားလည်စရာများအတွက် မလွဲမသွေစာဖတ်သင့်သည်ဟု အကြံပြုလိုပါသည်။ စာဖတ်ဝါသနာသည် ပညာရှိ ဆရာကောင်း၊ ဆရာမြတ်တစ်ဦး၏အနားတွင် အမြဲရှိနေသကဲ့သို့ အားကိုးစရာဖြစ်စေသည့်အပြင် မြင့်မားသော ဘဝပန်းတိုင်ကိုပါ ရရှိစေနိုင်မည်လည်းဖြစ်သည်။ ယခုအခါ နိုင်ငံတော်က ကျောင်းသားများအတွက် စာဖတ်ခြင်း အလေ့အကျင့်များ ပြုစုပျိုးထောင်နိုင်အောင် နည်းလမ်းများစွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

စာပေကို ဖတ်ရုံနှင့် မပြီးသေးဘဲ စာအုပ်၊ စာပေထဲမှ မှတ်သားစရာများကို မှတ်သားကာ အကျိုးရှိအောင် ပြန်လည်အသုံးချသင့်ပါသည်။ စာဖတ်ဝါသနာအရ စာပေလေ့လာဖတ်ရှုခြင်းသည် အချိန်ဖြုန်းခြင်းမဟုတ် အချိန်ကို အကျိုးရှိရှိ အသုံးချခြင်းသာဖြစ်သည်။ တန်ဖိုးရှိသော အချိန်ကို စာပေလေ့လာဖတ်ရှုခြင်းဖြင့် အသုံးချကုန်ဆုံးခြင်းသည် ကောင်းကျိုးအဖြာဖြာကို ဖြစ်စေနိုင်ပါသည်။ စာပေလေ့လာမှုကို လူငယ်၊ လူရွယ်လေးများ လက်ကိုင်ပြုနိုင်ရေးအတွက် ယခုအခါ နိုင်ငံတော်က စာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိသည်။

သို့ဖြစ်ရာ ယနေ့ခေတ်သည် ပညာခေတ်၊ စာပေလေ့လာလိုက်စားမှုများကို အလေးထားသော ခေတ်ဖြစ်သည်နှင့်အညီ စာသင်ကျောင်းများတွင် ကျောင်းသားလူငယ်များကို စာဖတ်ခြင်း အလေ့အကျင့်များ ပြုစုပျိုးထောင်နိုင်အောင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ၊ လူငယ်စကားဝိုင်းများ၊ စာပေဟောပြောပွဲများ ကျင်းပပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်းခရီးသွားဧည့်သည်လာရောက်မှု နှစ်သိန်းကျော်ထိ ရှိနေ



**ညောင်ဦး ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ခရစ္စမတ် ရုံးပိတ်ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရသမိုင်းဝင် ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများသို့ ပြည်တွင်းဘုရားဖူးဧည့်သည်များ အလွန်များပြားစွာ လာရောက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)တာဝန်ရှိသူများထံက သိရသည်။

ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်အတွင်း သမိုင်းဝင်စေတီပုထိုးများဖြစ်သည့် ပုဂံ-ညောင်ဦးဘက်ခြမ်းရှိ ရွှေစည်းခုံ(ပြင်)ကိုလည်း ... ထူး ဗိသုကာ(၃၅၇၃)၂... တော်သုံးဆူ၊ ဧရာဝတီမြစ်တစ်ဘက်ကမ်းရှိ ပခုက္ကူမြို့နယ် တန့်ကြည်တောင် စွယ်တော်မြတ်စေတီ၊ မဟာငှက်ပစ်တောင်စေတီ၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ခေမာဂံဘုရားဝင်း၊ သကြားပုန်းဘုရား၊ ရွှေလိပ်တူးဘုရား၊ သဗ္ဗညုဘုရား၊ ငကြွဲနားငွှောင်းဘုရား၊ ပုထိုးသားများဘုရား၊ ဆင်များရှင်ဘုရား၊ မနုဟာဘုရား၊ ဓမ္မရာဇကဘုရား၊ ရှင်အဖွဲ့ဂေါဏဘုရား၊ ဓမ္မရံကြီးနှင့် စူဠာမဏိဘုရားများတွင် ကားထားသည့်နေရာ အခက်အခဲဖြစ်သည်အထိ ပြည်တွင်းခရီးသွား ဘုရားဖူးဧည့်သည်များပြားလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

ပွဲတော်အချိန်ခါမဟုတ်သည့်(အခါကြီးရက်ကြီး)အချိန်မှာပင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ပြည်တွင်း၊ ပြည်ပ ခရီးသွား အဆက်မပြတ်လာရောက်သည့်မြို့ဖြစ်ကာ ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ဘုရားဖူးလာရောက်သူ နှစ်သိန်းကျော် လာရောက်ဖူးမြော်လေ့လာခဲ့ခြင်းကြောင့် ညောင်ဦးမြို့၊ ပုဂံမြို့ရှိ ဟိုတယ်၊ တည်းခိုရိပ်သာများ အားလုံးပြည့်နေပြီး နေ့ချင်းပြန်ဘုရားဖူးကားများ၊ ဘုရားဖူးလာပြည်သူများလည်း အလွန်များပြားလျက်ရှိကြောင်း လောကနန္ဒာ စွယ်တော်မြတ်စေတီ ဘဏ္ဍာတော်ထိန်းဂေါပကအတွင်းရေးမှူး ဦးထင်လင်းဦးက ပြောကြားသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်အထင်ကရဘုရား၊ သာသနိကအဆောက်အအုံများနှင့် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းမကြီးတစ်လျှောက် ဖွင့်လှစ်ရောင်းချနေကြသည့် ရိုးရာထန်းတဲများ၌လည်း ခရီးသွားဘုရားဖူးများ ဝင်ရောက်မှုများပြားလျက်ရှိနေခြင်းကြောင့် ထန်းလျက်အမျိုးမျိုး၊ ဆုံကြိတ်ဆီဖြစ်သည့် မြေပဲဆီ၊ နှမ်းဆီများ အရောင်းအဝယ်ကောင်းမွန်နေပြီး ညောင်ဦးမြို့နှင့် ပုဂံမြို့တို့တွင်လည်း အီးဘိုက်၊ မီနီအိုးဝေ၊ မြင်းလှည်း၊ ကားအငှားလိုက်သူများနှင့် စားသောက်ဆိုင်များ၊ ပြည်တွင်းဧည့်လမ်းညွှန်များ၊ လက်အလှပန်းချီဆွဲသူများ၊ ရိုးရာသနပ်ခါးလိမ်းခြယ်ပေးသူများ၊ အလှဓာတ်ပုံ(ဖုန်းဖြင့်)ရိုက်ပေးသူများအားလုံး ဝင်ငွေတွက်ခြေကိုက်နေကြပြီး ညနေပိုင်းတွင်လည်း ပုဂံရှုခင်း၊ ဧရာဝတီမြစ်နှင့် တန့်ကြည်တောင်တန်းနောက်ခံ နေဝင်ဆည်းဆာကြည့်ရှုရန် နေဝင်ဆည်းဆာကြည့်တောင်ကုန်းများတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများဖြင့် ပြည့်နှက်စည်ကားနေကြကြောင်း သိရသည်။

(၄၈၁)

ဝ-ဝ-ဝ-ဝ-ဝ

# ကျောက်ဆည်မြို့တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ အခြေခံပညာကျောင်းများတွင် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက အမှတ်(၇)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့သည်။

(အောက်ဝဲပုံ)



အားကစားပြိုင်ပွဲများ ကျင်းပရာတွင် KG အတန်းမှ Grade-5 အတန်းထိ အတန်းအလိုက် ကျောင်းသား၊ ကျောင်းသူလေးများက မီတာ(၁၀၀)အပြေး၊ အာလူးကောက်၊ အိတ်စွပ်၊ ခါးကွင်းလှည့် စသည့် အားကစားနည်းမျိုးစုံတို့အား ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် အားကစားဝါသနာပါလာပြီး ကိုယ်ကာယကျန်းမာကြံ့ခိုင်ပြီး ဘက်စုံထူးချွန်ပြီးသော ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရန်အတွက် အားကစားနည်းမျိုးစုံတို့ကို ကျင်းပပြုလုပ်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

(၄၈၅)

ဝ-ဝ-ဝ-ဝ-ဝ

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက Video Message ပေးပို့၍ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်းကို ၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်မှ စတင်တည်ထောင်ခဲ့ရာ ယခုဆိုလျှင် သက်တမ်း (၄)နှစ်ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီအနေဖြင့်လည်း လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများနှင့်စပ်လျဉ်းပြီး ဥပဒေဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အသင်းသားများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်အရည်အချင်းများ တိုးတက်စေရေး ဆောင်ရွက်ကြရန်နှင့် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်မှုဖြင့် ထိရောက်စွာ ထမ်းဆောင်နိုင်ကြသူများအဖြစ် အလေးထားကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသဘာပတိအသင်း၏ ဥက္ကဋ္ဌ ဦးမိုးကျော်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး အသင်းတာဝန်ရှိသူများက အသင်း၏ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ ပြင်ပစာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြအတည်ပြုခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်များ အသစ်ခန့်အပ်ခြင်း၊ ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းနှင့် အခကြေးငွေသတ်မှတ်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး အစည်းအဝေးသဘာပတိ ဦးမိုးကျော်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ အသင်း၏ ဒါရိုက်တာ အဖွဲ့ဝင်များနှင့် အသင်းဝင်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## ဝါးနက်ဆင်စခန်းသို့ လာရောက်အပန်းဖြေသူ များပြားလာသောကြောင့် ရုံးပိတ်ရက်ရှည်ကာလအတွက် ကြိုတင်ပြင်ဆင်ထား

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေး-ပြင်ဦးလွင်ကားလမ်း ၁၆ မိုင်ဂိတ်မှ ၅ မိုင်အကွာတွင်ရှိသော ဝါးနက်ဆင်စခန်းသို့ လာရောက်အပန်းဖြေအနားယူသူ ပိုမိုများပြားလာပြီး ရုံးပိတ်ရက်ရှည်ကာလများအတွက် အေးချမ်းစွာ အပန်းဖြေအနားယူနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိသည့်အပြင် စခန်းရှိ ဆင်ရှစ်ကောင်ဖြင့် သရုပ်ပြဖျော်ဖြေပေးနေကြောင်း သိရသည်။

အဆိုပါ ဆင်စခန်း၌ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် တစ်နှစ်ပြည့်တော့မည့် ငြိမ်းချမ်းဦးအမည်ရှိ ဆင်ကလေးကို စိတ်ဝင်စားကြသဖြင့် ယခုနှစ်တွင် လာရောက်လည်ပတ်ကြသည့် ဧည့်သည်ဦးရေ ပိုမိုများပြားလာသည်ဟု ဝါးနက်ဆင်စခန်း တာဝန်ခံက ပြောသည်။

### ဆင်တွေရဲ့သဘာဝကို လေ့လာနိုင်

"ကျွန်တော်တို့ ဆင်စခန်းမှာ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ရှည်များနဲ့ အခါကြီးနေ့ကြီးတွေမှာဆိုရင် လာရောက်လည်ပတ်သူက ပုံမှန်ရက်ထက် ပိုများတယ်။ ဒီနှစ်မှာ ငြိမ်းချမ်းဦးဆိုတဲ့ ဆင်ကလေးကို စိတ်ဝင်စားသူများလို့ ဧည့်သည်ဝင်ရောက်မှု ပိုများတယ်။ ဆင်စခန်းရောက်တဲ့အခါ မြို့ပြနဲ့ ကွာခြားမှုအပြင် သစ်ပင်၊ ဝါးပင်တွေနဲ့ တောတောင်ရဲ့ အရသာကိုခံစားပြီး အနားယူအပန်းဖြေရင်း ဆင်တွေရဲ့ သဘာဝကို လေ့လာနိုင်မယ်"ဟု ၎င်းက ပြောသည်။

ဝါးနက်ဆင်စခန်းတွင် အပန်းဖြေခြင်းနှင့် ဆင်များကို စိတ်



ဝင်စား၍ လာရောက်သူများမှာ နေ့စဉ် ၃၀ မှ ၆၀ ဦးကျော်ရှိပြီး ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်နှင့် လပြည့်နေ့များတွင် ၁၀၀ ဦးကျော် လာရောက်လည်ပတ်ကြကြောင်း၊ လာရောက်လည်ပတ်သူများအတွက် မိသားစုနားနေရန် အဆောင်သုံးဆောင်၊ လူဦးရေ ၂၀ ကျော်နားနေရန် အဆောင်နှစ်ခုအပြင် အရိပ်ကောင်းသည့် နေရာများ၌ နှစ်ယောက်တွဲ သုံးယောက်တွဲထိုင်နိုင်သည့် ခုံတန်းလျားများ ပြင်ဆင်ထားရှိကြောင်း သိရသည်။

### ဆင်ဘူဖေးကျွေးနိုင်

"ဒီလတွေက ရုံးပိတ်ရက်ရှည်နဲ့ ကျောင်းပိတ်ရက်ရှည်တွေ များတဲ့အပြင် ခရီးသွားရာသီလည်းဖြစ်တော့ စခန်းသန့်ရှင်းသာယာလှပရေးနဲ့ လာတဲ့သူတွေ စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ဖို့ အဓိက ဆောင်ရွက်ထားပြီး ပန်းအလှပင်တွေ စိုက်ပျိုးထားပါတယ်။ လာတဲ့သူတွေက ဆင်ချစ်တဲ့မိသားစုနဲ့ သူငယ်ချင်းတွေစုပြီး လာသူတွေ များတယ်။ ဆင်တွေကို အစာကျွေးလို့ရသလို ဆင်ဘူဖေးကျွေးနိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်စခန်းဝင်ကြေးမှာ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၊ နိုင်ငံခြားဧည့်သည်ဖြစ်ပါက တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြစ်ပြီး ဆင်စီးနိုင်မည့် ဝန်ဆောင်မှုတွင် ၁၅ မိနစ်ကျော်ကြာသည့် ခရီးတိုအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၊ မိနစ် ၃၀ ကျော်ကြာသော တောတောင်နှင့် ချောင်းကိုဖြတ်၍ ဆင်စီး ခရီးရှည်အတွက် ငွေကျပ် ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

ဝါးနက်ဆင်စခန်း၌ ဆင်အကြီးရှစ်ကောင်က သရုပ်ပြဖျော်ဖြေရာတွင် ဘောလုံးကန်ခြင်း၊ ဆင်နှစ်ကောင်တွဲ၍ လမ်းလျှောက်ခြင်း၊ သံစုံဘာဂျာမှုတ်ပြခြင်း၊ ပုသိမ်ထီးဆောင်း၍ သရုပ်ပြခြင်း စသည်တို့အပြင် ဆင်တို့၏ သဘာဝနှင့် အလေ့အကျင့်များ၊ ဆင်များ၏ ကျန်းမာရေးနှင့် ပြုစုစောင့်ရှောက်ခြင်း စသည့်ဗဟုသုတများကို ရှင်းပြပေးကြောင်းနှင့် ဆင်ဘူဖေးသီးနှံအစုံ ကျွေးမွေးလိုပါက ငွေကျပ် ၁၀၀၀၀၀ နှင့် စပါးကျွေးလိုပါက ငွေကျပ် ၅၀၀၀၀ ဖြင့် ကိုယ်တိုင်ကျွေးနိုင်ပြီး ဆင်စခန်းမှလည်း အလှူရှင်ကိုယ်စား ကျွေးမွေးပေးလျက်ရှိရာ ဖုန်းနံပါတ် ၀၉-၇၈၆၅၀၂၁၉၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မောင်အေးချမ်း



## ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပြသာယာလှပစေရေး မြို့တွင်းလမ်းမီးတိုင်များ ပြုပြင်ထိန်းသိမ်းဆောင်ရွက်

**ပွင့်ဖြူ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများ စိတ်အေးချမ်းစွာ သွားလာနိုင်ရေးအတွက် ဒီဇင်ဘာ ၂၄ ရက်က မြို့တွင်းလမ်းမီးတိုင်များတွင် သဘာဝဘေးဒဏ်ကြောင့် မီးမလင်းသည့် လျှပ်စစ်မီးသီးများကို ဖြုတ်သိမ်း၍ LED မီးသီးများဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းနှင့် ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက မြို့နယ်လျှပ်စစ်ရုံးမှ ဝန်ထမ်းများနှင့် ပူးပေါင်းပြီး မြို့ပြသာယာလှပရေးအတွက် မြို့ရှောင်လမ်းနှင့် မြို့တွင်းလမ်းများတွင် တပ်ဆင်ထားရှိသော လမ်းမီးတိုင်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးဒဏ်ကြောင့် မီးမလင်းတော့သည့် လျှပ်စစ်မီးသီးများကို ဖြုတ်သိမ်းကာ LED မီးသီးများဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းကြိုးများ ကြံ့ခိုင်ကောင်းမွန်ရေး ပြုပြင်ထိန်းသိမ်းခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း စသည့် ဓာတ်အားလိုင်းထိန်းသိမ်းခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပြအင်္ဂါရပ်နှင့်အညီ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပစေရန်အတွက် မြို့တွင်းရှိ ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် လျှပ်စစ်မီးလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် လျှပ်စစ်မီးသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၄၅)

## မြင်းခြံမြို့ ကုက္ကိုတောရ ပရိယတ္တိစာသင်တိုက်၌ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲ စာအောင်ဆုနှင်းသဘင်ပွဲ ကျင်းပ

**မြင်းခြံ ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ ကုက္ကိုတောရ ပရိယတ္တိစာသင်တိုက်၌ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ စာအောင်ဆုနှင်းသဘင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး ကုက္ကိုတောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဦးပဏ္ဍဝံသနှင့် ရွှေဘုံသာ ပရိယတ္တိစာသင်တိုက် ကျောင်းအုပ်ဆရာတော် ဦးခေမာစာရတို့မှ ဩဝါဒများ မိန့်ကြားခဲ့သည်။ ထို့နောက် အဘိဓမ္မာပြန့်ပွားရေးကော်မတီဥက္ကဋ္ဌ ဒေါ်အိမ်ကြည်က ဆုနှင်းသဘင် ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာအောင်ဆုရရှိသူများအား ကုက္ကိုတောရ ပရိယတ္တိ စာသင်တိုက် ပဓာန နာယကဆရာတော် ဦးပဏ္ဍဝံသနှင့် သံဃာတော်များ၊ တာဝန်ရှိသူများက အသီးသီး



ပေးအပ်ခဲ့ရာ ဆုရရှိသူများက လက်ခံရယူခဲ့ကြပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၃၆၆)

## အများပြည်သူသုံးအတွက် လျှပ်စစ်ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်လျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ မဟာအောင်မြေမြို့နယ်အတွင်းရှိ အများပြည်သူများ လျှပ်စစ်ဓာတ်အားကို ယခင်က



ထက် ပိုမိုတိုးချဲ့သုံးစွဲနိုင်ရန် လျှပ်စစ်ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်တည်ဆောက်လျက်ရှိကြောင်း မဟာအောင်မြေမြို့နယ် လျှပ်စစ်မန်နေဂျာ ဒေါ်မိုင်တင်တင်အေးထံက သိရသည်။

အဆိုပါ အများပြည်သူသုံး လျှပ်စစ်ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေခေါင်းစဉ်အောက်မှ ကျခံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မဟာအောင်မြေမြို့နယ် ၅၇ လမ်းနှင့် ၃၉ လမ်းထောင့်တွင် (၂၀၀)ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၅၅ လမ်းနှင့် ၄၂ လမ်းထောင့်တွင် (၂၀၀)ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၆၆ လမ်းနှင့် ၃၈ လမ်းထောင့်တွင် (၂၀၀)ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၇၃ လမ်းနှင့် ၃၉ လမ်းထောင့်တွင် (၂၀၀) ကေဗွီအေ ထရန်စဖော်မာတစ်လုံးတို့အား တိုးချဲ့တပ်ဆင်တည်ဆောက်လျက်ရှိကြောင်း၊ ထရန်စဖော်မာများနှင့်အတူ ဆက်စပ်(၁၁)ကေဗွီ ဓာတ်အားလိုင်းနှင့် (၄၀၀)ဗို့ဓာတ်အားလိုင်းများကိုပါ တိုးချဲ့တပ်ဆင်တည်ဆောက်လျက်ရှိကြောင်း၊ မဟာအောင်မြေမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းထွန်းက ရှင်းပြသည်။

ထရန်စဖော်မာနှင့်ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်တည်ဆောက်ခြင်းကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်ဓာတ်အားကို ယခင်ထက် ပိုမိုတိုးချဲ့သုံးစွဲနိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်ချိန် လျော့နည်းကျဆင်းကာ လျှပ်စစ်ဓာတ်အားကို ဝန်အားနိုင်နင်းစွာဖြင့် စံချိန်စံညွှန်းနှင့်အညီ ဗို့အားပြည့်ပြည့်ဝဝနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန်နှင့် လျှပ်စစ်ထရန်စဖော်မာများ ချို့ယွင်းလောင်ကျွမ်းပျက်စီးခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် တိုးချဲ့တပ်ဆင်တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးစေရေး ဆောင်ရွက်လျက်ရှိကြောင်း မဟာအောင်မြေမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းထွန်း၏ ပြောကြားချက်အရ သိရသည်။

**ဒီပါလင်း**

## ငဖဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးလျက်ရှိ

**ငဖဲ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဆောင်းသီးနှံများ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေရန်နှင့် ဆီစားသုံးမှုဖူလုံစေရေး အထောက်အကူပြုနိုင်ရန် ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိရာ လက်ရှိအချိန်ထိ ၈၆၄ ဧက စိုက်ပျိုးပြီးစီးပြီးဖြစ်ကြောင်းနှင့် ဒေသတွင်းစားသုံးနိုင်ရေးနှင့် ဆီစားသုံးမှုဖူလုံစေရေးကို အထောက်အကူပြုနိုင်ရန် အထွက်နှုန်းကောင်းမွန်သည့် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲ၊ နေကြာ၊ နှမ်းနှင့် ပန်းနှမ်းစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံးတွင် ဧက ၁၉၀၀ စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၈၆၄ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငဖဲမြို့နယ်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေဖို့၊ ဆီစားသုံးမှုဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ရည်ရွယ်ပြီး မြေပဲ၊ နေကြာ၊ နှမ်းနှင့် ပန်းနှမ်းကို စိုက်ပျိုးကြပါတယ်။ သတ်မှတ်လျာထားဧကပြည့်မီဖို့နဲ့ အထွက်နှုန်းကောင်းမွန်စေဖို့အတွက် ဒေသခံတောင်သူများကို စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ၊ စိုက်နည်းစနစ်များကို စနစ်တကျစိုက်ပျိုးနိုင်ရေး တောင်သူအသိပညာပေးတာတွေရှိသလို သက်ဆိုင်ရာကွင်းဝန်ထမ်းများကလည်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ပြောကြားသည်။

ငဖဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံ(ဆောင်း)များအဖြစ် လက်ရှိအချိန်ထိ မြေပဲ ၁၅၁ ဧက၊ နေကြာ ၅၁၇ ဧက၊ နှမ်း ၁၂၀ ဧကနှင့် ပန်းနှမ်း ၇၆ ဧက စုစုပေါင်း ၈၆၄ ဧက စိုက်ပျိုးပြီးစီးပြီး ဒေသခံတောင်သူများအနေဖြင့် လျာထားချက်ပြည့်မီရေး စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တွင် ဆီထွက်သီးနှံအဖြစ် နေကြာကို ပိုမိုစိုက်ပျိုးနိုင်ခဲ့ကာ ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

**မယု(ငဖဲ)**

# မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှ တူးဖော်ရရှိသည့် ရှေးဟောင်းရွှေထည်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

**မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ တူးဖော်ရရှိသည့် ရွှေထည်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူမှုမှတ်တမ်းဓာတ်ပုံ။**



(ဝဲမှယာ)တရားခံအောင်ဖြိုး(၃၅)နှစ် (ဘ)ဦးမောင်ခင်၊ အောင်မိုး(၄၃)နှစ် (ဘ)ဦးမောင်ခင်၊ စိန်ထွန်း(၂၅)နှစ် (ဘ)ဦးတင်ဝင်း။

နေပြည်တော် ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ မြင်းကပါကျေးရွာရှိပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ ရေစီးရေလာကောင်းမွန်စေရန် စက်တင်ဘာ ၂၀ ရက်က ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် တူးဖော်ရရှိခဲ့သည့် ရှေးဟောင်းရွှေထည်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချ၍ ကိုယ်ကျိုးစီးပွားအတွက် ခွဲဝေအသုံးပြုခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သတင်းအရ ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

## စုံစမ်းဖော်ထုတ်

ထိုသို့စုံစမ်းဆောင်ရွက်ခဲ့ကြရာ စက်တင်ဘာ ၂၀ ရက်တွင် အဆိုပါ မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသူ ဦးညို(ခ)ကိုကိုညို (စိစစ်ဆဲ)သည် ပန်းရန်အလုပ်သမားများ ဖြစ်ကြသည့် အောင်ဖြိုး၊ စိန်ထွန်း၊ အောင်မိုး၊ ဇေယျာဖြိုး၊ ဝင်းဇော်၊ ကျော်စိုးနိုင်၊ ဖွဲမာန်၊ ကိုငယ်၊ သန်းထွန်းအေး၊ အောင်သူဖြိုး၊ အောင်ကျော်မိုး၊ ဟန်ဝင်းသူ၊ မောင်တိုးတို့ ၁၃ ဦးနှင့်အတူ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် ရှေးဟောင်းမြေအိုး တစ်လုံး တူးဖော်ရရှိခဲ့ပြီး အဆိုပါမြေအိုးအတွင်းမှ ရှေးဟောင်းပစ္စည်းဟုယူဆရသည့် ရွှေလက်ကောက် ၁၀ ကွင်း၊ ရွှေလုံးနှစ်ခု၊ ရွှေဘယက်အချို့ကို တူးဖော်တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့ အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချ၍ ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုနိုင်ရန် အောင်ဖြိုးက ရွှေလက်ကောက် ၁၀ ကွင်း၊ ရွှေလုံးနှစ်ခုတို့ကို ယူဆောင်၍ ကျန်ရွှေဘယက်နှင့် အခြားရွှေထည်ပစ္စည်းများကို ဦးညို(ခ)ကိုကိုညိုက ခွဲဝေယူဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း စုံစမ်းဖော်ထုတ် သိရသည်။

စုံစမ်းဖော်ထုတ်ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၉ ရက်တွင် ရှေးဟောင်းရွှေထည်ပစ္စည်းများတူးဖော်ရရှိခဲ့သူ အောင်ဖြိုး၊ စိန်ထွန်းနှင့် အောင်မိုးတို့ သုံးဦးအား ၎င်းတို့၏ နေအိမ်များမှ သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ ထိန်းသိမ်းခေါ်ဆောင် စစ်ဆေးခဲ့ရာ တရားခံ အောင်ဖြိုး က မန္တလေးမြို့ရှိ ဦးတင်မောင်ဆွေ (စိစစ်ဆဲ)၏ နေအိမ်တွင် တူးဖော်ရရှိခဲ့သည့် ရှေးဟောင်းရွှေထည် ပစ္စည်းအလေးချိန် ၁၃ ကျပ်သားခန့်အား ငွေကျပ်သိန်း ၅၄၀ ဖြင့် ရောင်းချခဲ့ကြောင်း၊ ဦးညို(ခ) ကိုကိုညိုက ၎င်းခွဲဝေရရှိထားသည့် ရွှေထည်ပစ္စည်းအချို့ကို ငွေကျပ်သိန်း ၉၄၀ ဖြင့် ရောင်းချခဲ့ကာ အဆိုပါရရှိငွေများထဲမှ အလုပ်သမားဖြစ်သူ စိန်ထွန်းပါ ၁၂ ဦးကို တစ်ဦးလျှင် ငွေကျပ် ၅၂၅၀၀၀၀ နှုန်းဖြင့် ခွဲဝေပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရကာ တရားခံ အောင်မိုးထံမှ သက်သေခံ ရှေးဟောင်းရွှေထည်ပစ္စည်းရွှေလက်ကောက်အကွေးငါးခုကို လည်းကောင်း၊ တရားခံ အောင်ဖြိုးထံမှ သက်သေခံ ရှေးဟောင်းရွှေထည်ပစ္စည်း ရွှေခဲ သုံးခု၊ ရွှေထည်ပစ္စည်းမျိုးစုံ လေးကျပ်၊ ၁၀ ပဲ သုံးရွေးနှင့် ရွှေထည်ပစ္စည်း အပိုင်းအစ ၁၆ ခု၊ ၁၃ ကျပ်၊ ခြောက်ပဲ၊ နှစ်ရွေးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှ ရှေးဟောင်းရွှေထည်ပစ္စည်းများကို တာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်း မရှိဘဲ ကိုယ်ကျိုးစီးပွားအတွက် ထုခွဲရောင်းချခဲ့သူ အောင်ဖြိုး၊ စိန်ထွန်း၊ အောင်မိုးတို့ သုံးဦးနှင့် ဖမ်းဆီးရန်ကျန် တရားခံများ ဖြစ်ကြသည့် ဦးညို(ခ)ကိုကိုညိုပါ ၁၁ ဦးတို့ကို ပုဂံနယ်မြေရဲစခန်း(ပ) ၂၅/၂၀၂၄၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၇/၁၉ ဖြင့် အမှုရေးဖွင့်ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ တူးဖော်တွေ့ရှိပါက လက်ဝယ်ထားရှိခြင်း၊ စုဆောင်းထားရှိခြင်းနှင့် ကိုယ်ကျိုးစီးပွားအတွက် ထုခွဲရောင်းချခြင်းများ မပြုလုပ်ရန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံ သတင်းပေးပို့ဆက်သွယ်၍ အပ်နှံနိုင်ရန် အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်



# ရွှေဘိုမြို့၌ မီးဘေးသင့်သူများအား ကျပ် ၅ သိန်းကျော် ထောက်ပံ့

**ရွှေဘို ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ မီးဘေးသင့်သူများအား ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၅ သိန်းကျော်ကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမတွင် ထောက်ပံ့ပေးအပ်ခဲ့သည်။

ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက်၊ နွားလေးကုန်းရပ်တွင် ဒီဇင်ဘာ ၂၃ ရက်နေ့က ဖြစ်ပွားခဲ့သော မီးဘေးသင့်အိမ်ခြေ(၂)လုံး၊ အိမ်ထောင်စု(၃)စုမှ လူဦးရေ(၁၆)ဦးအတွက် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးနှင့် သေဆုံးသူတစ်ဦးအတွက် စုစုပေါင်း ငွေကျပ် ၅၃၃၆၀၀ ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရွှေဘိုခရိုင်ရုံးမှ ထောက်ပံ့ပေးအပ်ခဲ့သည်။

ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မီးဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီနှင့် ကြက်ဥများကိုလည်း ပေးအပ်ခဲ့ပြီး ရွှေဘိုခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက မီးလောင်ရာတွင် ပျက်စီးသွားသည့် အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်များကို အခမဲ့ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

(၃၉၄)

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ။**

# သရက်ပန်းပွင့်ရာသီကို ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် သရက်စိုက်တောင်သူများအနေဖြင့် သရက်ပင်များကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေ

**မန္တလေး ဒီဇင်ဘာ ၂၅**

လာမည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် သရက်ပန်းပွင့်ရာသီကို ရောက်ရှိလာတော့မည့်ဖြစ်သည့်အတွက် သရက်သီးအထွက်နှုန်း ကောင်းမွန်စေရေးအတွက် သရက်စိုက်တောင်သူများ အနေဖြင့် သရက်ပင်များကို ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ပန်းပွင့်ရာသီရောက်ခါနီးပြီဖြစ်သည့်အတွက် သရက်အဖူးအပွင့်များ၊ သရက်သီးများတွင် ရောဂါပိုးမွှားအန္တရာယ်များ မကျရောက်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် သရက်စိုက်တောင်သူများ အနေဖြင့် အထူးဂရုစိုက်ပြီး သရက်ပင်များကို ပိုးသတ်ဆေး၊ မှိုသတ်ဆေးများဖျန်းခြင်း၊ ရှေးရိုးသဘာဝနည်းအတိုင်း သရက်ပင်များကို မီးခိုးမှိုင်းတိုက်ခြင်းများကို ဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောကြားသည်။

"သရက်ပန်းပွင့်ရာသီနီးလာပြီဆိုတော့ ဈေးကွက်ဝင်အသီးတွေရဖို့အတွက် သရက်စိုက်တောင်သူတွေ နည်းမျိုးစုံနဲ့ ဆောင်ရွက်နေပါတယ်။ ဒီနှစ်က ဆောင်းဝင်တာနောက်ကျတဲ့အတွက် ပန်းပွင့်ချိန်လဲ နောက်ကျနိုင်တယ်။ မြန်မာနိုင်ငံမှာ သရက်စိုက်ဧက ၃ သိန်းကျော်၊ ၄ သိန်းရှိတယ်။ သရက်အများဆုံးစိုက်တာက ဧရာဝတီတိုင်းပါ။ သရက်သီးစပေါ်တာက ဧရာဝတီနဲ့ ရန်ကုန်ကစပေါ်ပါတယ်။ သရက်သီးရာသီက ဧပြီလမှာ စတင်ထွက်ပေါ်လာပြီး သင်္ကြန်အပြီးမှာတော့ သရက်သီးအမှည့်တွေ လှိုင်လှိုင်ထွက်ပေါ်လာပါတယ်။ ဈေးကွက်ဝင်သရက်သီးတွေကိုတော့ ပြည်တွင်းပြည်ပကို တင်ပို့ရောင်းချကြပါတယ်"ဟု ၎င်းကရှင်းပြသည်။

အဆိုပါ သရက်သီးများကို ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး စသည့် နေရာအနှံ့အပြား၌ စိုက်ပျိုးကြပြီး မန္တလေးတိုင်းဒေသကြီးမှာတော့ သရက်စိုက်ဧက(၃)သောင်းကျော်ရှိကြောင်း၊ သရက်သီးအမျိုးအစားအနေဖြင့်(၂၀၀)ကျော်ရှိကြောင်း သိရသည်။

(၀၇၃)

# မောင်းတိုင်(၁)ရပ်ကွက်ရှိ လောကတက္ကသိုလ်စာကြည့်တိုက် ဆောက်လုပ်မှု (၉၅)ရာခိုင်နှုန်းပြီးစီး

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ပြည်သူများ အသိပညာဗဟုသုတများ ရရှိစေရေး၊ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန် မြင့်မားရေးအတွက် နိုင်ငံတော်၏ လှူဒါန်းထောက်ပံ့ငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် တောင်တွင်းကြီးမြို့နယ်၊ မောင်းတိုင်(၁)ရပ်ကွက်ရှိ လောကတက္ကသိုလ် စာကြည့်တိုက်ဆောက်လုပ်နေမှု (၉၅)ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စာကြည့်တိုက် ဆောက်လုပ်ရာတွင် မြို့နယ်အဆင့် စာကြည့်တိုက်များ အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရာတွင် သတ်မှတ်ထားသည့် Drawing၊ Design များအတိုင်း ဆောက်လုပ်၍ အရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ စာကြည့်တိုက်ဆောက်လုပ်မှု အမြန်ပြီးစီးနိုင်ရေး စာကြည့်တိုက်ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

နောင်နောင်(ဗိသနိုးမြေ)



# လေသင်တုန်းအန္တရာယ် သတိပြုဆင်ခြင်ဖွယ်

တင်ထက်ထက်ဇော်



လေဖြတ်တယ်ဆိုတဲ့ စကားကို မိမိပတ်ဝန်းကျင်မှာ ကြားဖူး မြင်ဖူးကြသလို၊ တချို့ကလည်း ကိုယ်တိုင်ခံစားကြရပေမယ့် 'လေဘာကြောင့်ဖြစ်ရသလဲ' ဆိုတာကိုတော့ ဂဃနဏ သိသူနည်းပါလိမ့်မယ်။

လေဖြတ်တယ်ဆိုတာ အဓိကအကြောင်းရင်း နှစ်မျိုးကြောင့် ဖြစ်ပါတယ်။

* ပထမတစ်မျိုးက ဦးနှောက်ထဲမှာရှိတဲ့ သွေးကြောငယ်တွေ ပေါက်ထွက်သွားခြင်းကြောင့် ဖြစ်ပါတယ်။

* ဒုတိယတစ်မျိုးကတော့ ဦးနှောက်သွေးကြောနံရံမှာ အဆီဖြစ်တည်မှုများ၍ သွေးကြောကျဉ်းပိတ်ဆို့သွားခြင်း(သို့မဟုတ်) ခန္ဓာကိုယ် တစ်ခြားတစ်နေရာမှ အဆီအစိုင်အခဲများ ပြုတ်ကျလာပြီး ဦးနှောက်သွေးကြောမှာ လာရောက်ပိတ်ဆို့ခြင်းတို့ကြောင့် ဖြစ်ပါတယ်။

လေဖြတ်ခံရသူတွေဟာ အသက်ဆုံးရှုံးရင် ဆုံးရှုံး၊ မဆုံးရှုံးသော်ငြား စကားမပြောနိုင်တော့တာမျိုး၊ လမ်းမလျှောက်နိုင်ဘဲ အိပ်ယာထဲလဲနေတာမျိုး၊ လမ်းလျှောက်နိုင်သော်လည်း တရွတ်ဆွဲနေတာမျိုး၊ မျက်နှာတစ်ခြမ်းစောင်း၊ ပါးစပ်ရွဲ့၊ စကားပြောမပီ အာလေးလျှာလေး စသည်ဖြင့် ဒုက္ခိတဘဝ ရောက်ကြရပါတယ်။ ယခင်လို အကောင်းပကတိ ပြန်ဖြစ်ဖို့က အခွင့်အရေးလွန်စွာ နည်းပါးပြီး ကံကောင်း၍ အကောင်းပကတိဖြစ်သည့်တိုင် နောက်ထပ်တစ်ဖန် လေပြန်ဖြတ်နိုင်ပါသေးတယ်။ အသက်အရွယ်ကြီးရင့်လာတာနဲ့အမျှ လေဖြတ်နှုန်းက တဖြည်းဖြည်းမြင့်တက်လာပြီး ပျမ်းမျှ အသက် ၄၅ နှစ်မှ ၈၅ နှစ်အတွင်း အသက်ဆယ်နှစ်တိုးသွားတိုင်း လေဖြတ်ဖို့အခွင့်အလမ်း နှစ်ဆတိုးလာနိုင်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှတ်တမ်းများအရ၊ (က) ကမ္ဘာပေါ်မှာ အသက်အရွယ် အမျိုးသား၊ အမျိုးသမီး မရွေးပျမ်းမျှ လူခြောက်ဦးလျှင် တစ်ဦးနှုန်း တစ်ချိန်ချိန်မှာ လေဖြတ်ရောဂါဖြစ်နိုင်ပြီး အချိန်ခြောက်စက္ကန့်တိုင်း လေဖြတ်ရောဂါဖြင့် လူတစ်ဦးနှုန်း သေဆုံးနေကြောင်း၊ (ခ) နှစ်စဉ် လူဦးရေ ၁၅ သန်းခန့် လေဖြတ်ရောဂါ ခံစားနေရပြီး ၄င်းတို့အနက် ငါးသန်းခန့် အသက်ဆုံးရှုံးနေကြောင်း၊ (ဂ) အများစုမှာ နာတာရှည် မသန်မစွမ်းအဖြစ် ကျန်နေခဲ့ကြောင်း၊ (ဃ) အထူးသဖြင့် အသက်(၆၅)နှစ်နှင့်အထက်ရှိသူများတွင် လေဖြတ်ရောဂါဖြစ်ပါက ထက်ဝက်ခန့်သည် ကျန်ဘဝတစ်လျှောက်တွင် ရေရှည်မသန်မစွမ်းဘဝဖြင့် နေထိုင်ရလေ့ရှိကြောင်း သိရပါတယ်။

လတ်တလောလေ့လာဆန်းစစ်မှုများအရ အသက်ကြီးသူတို့မှာ ခြေထောက်တစ်ဖက်တည်းပေါ်တွင် စက္ကန့် ၂၀ ကြာ မယိုင်မလဲ ဟန်ချက်ညီအောင် ခက်ခက်ခဲခဲကြိုးစားရုန်းကန်ရလေလေ ထိုသူတွေမှာ လေဖြတ်နိုင်ခြေ များလေဖြစ်ပါတယ်။ ဒါကြောင့် ခြေထောက်တစ်ဖက်တည်းပေါ် စက္ကန့် ၂၀ ကြာ ရပ်ကြည့်ခြင်းနည်းဖြင့် မိမိကိုယ်ကို လေဖြတ်နိုင်ခြေ ရှိ၊ မရှိကို ကြိုတင်ခန့်မှန်းနိုင်ပါတယ်။

### လေဖြတ်နိုင်သည့် ရှေ့ပြေးလက္ခဏာများ

လေငန်းဝေဒနာသည်အများစုတွင် ကြုံတွေ့ရလေ့ရှိသော ရှေ့ပြေးလက္ခဏာများမှာ (၁) ရေချိုးပြီးလျှင်မျက်စိများ နီရဲခြင်း၊ (၂) ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း၊ (၃) မျက်ခွံနှင့် မျက်နှာကြွက်သားများ ဆန့်ကန့်လှုပ်ခြင်း၊ (၄) မကြာခဏ ဝမ်းချုပ်ပြီး ဗိုက်ထဲတွင် လေပွနေခြင်း၊ (၅) ညအချိန် ထုံကျဉ်ပြီး လန့်နိုးခြင်း၊ (၆) ညအိပ်ပျော်နေစဉ် လျှာကိုက်မိခြင်း၊ (၇) ဆီး(ကျင်ငယ်ရည်) အနီရောင်သွားခြင်း၊ (၈) ပစ္စည်းများကိုင်တွယ်ရာမှာ မကြာခဏ လွတ်ကျတတ်ခြင်း၊ (၉) ဖိနပ်ကျွတ်ထွက်ခြင်း၊ (၁၀) လက်တစ်ဖက်တည်း ကိုက်ခဲနေပြီး လက်မတွင် ထုံကျင်ခြင်း၊ (၁၁) ခြေတရွတ်ဆွဲ၍လေးလံခြင်း၊ (၁၂) စကားပြောလေးခြင်း(အာလေးလျှာလေးဖြစ်ခြင်း)၊ (၁၃) ရက်ကြာမြင့်စွာ ခြေနှင့် လက်များ ထုံကျဉ်ခြင်း၊ (၁၄) အမျိုးသမီးများ သွေးဆုံးချိန် ခြေ၊ လက်များ ထုံကျဉ်ခြင်း၊ (၁၅) မျက်စိအမြင်ဝေဝါးခြင်း(သို့မဟုတ်)ရုတ်တရက် မှောင်မည်းသလိုဖြစ်ပြီးမှ ပြန်မြင်ရခြင်း စသည်တို့ ဖြစ်တတ်ပါတယ်။

### ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းကောင်းများ

အောက်ဖော်ပြပါ ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများဖြင့် လေသင်တုန်းအန္တရာယ်မှ ကြိုတင်ကာကွယ်ထားသင့်ပါကြောင်း အကြံပြုလိုက်ပါရစေ။

**(၁) ဆေးလိပ်ဖြတ်ပါ**

ဆေးလိပ်သောက်သူဟာ ဆေးလိပ် (လုံးဝ)မသောက်သူထက် လေဖြတ်နိုင်ခြေအလားအလာ နှစ်ဆမှ လေးဆအထိ ပိုများပါတယ်။ ဆေးလိပ်ဖြတ်လိုက်ခြင်းအားဖြင့် နောင်လာမည့် နှစ်နှစ်မှ ငါးနှစ်အတွင်း လေဖြတ်ခံရမည့်နှုန်း လျော့ကျသွားနိုင်ပါပြီ။

**(၂) သွေးကျဆေး မှီဝဲပါ**

သွေးပေါင်ချိန် ၁၆၀/၉၅ ရှိသူဟာ သွေးပေါင်ပုံမှန်ရှိသူထက် လေဖြတ်ခံရဖို့ လေးဆပိုများပါတယ်။ သွေးပေါင်ချိန် ၁၄၀/၉၀ ရှိသူတွေက သာမန်လူထက်စာရင် နှစ်ဆပိုပြီး လေဖြတ်ခံရဖွယ်ရှိပါတယ်။ အပေါ်သွေးပေါင်ချိန် တစ်ခုတည်း သီးခြားတက်တဲ့ သွေးတိုးရောဂါတစ်မျိုးက လေဖြတ်ခြင်းနဲ့ တိုက်ရိုက်ပတ်သက်နေလို့ မပေါ့ဆသင့်ပါဘူး။ သွေးတိုးရောဂါ အခံရှိသူဟာလည်း လေဖြတ်နိုင်ဖို့ အလားအလာများပါတယ်။ သွေးတိုးကျဆေးတွေက လေဖြတ်မည့်အန္တရာယ်ကို လေးပုံတစ်ပုံမျှ လျော့နည်းပေးနိုင်လို့ ဖော်ပြပါ သွေးပေါင်ချိန်မမှန်သူများအနေဖြင့် သွေးကျဆေး မှန်မှန်မှီဝဲပါ။

**(၃) ကိုယ်အလေးချိန် လျှော့ချပါ**

အစားကြူးသူများ၊ အဆီအဆိမ့်နှင့် အချိုများများစားသူတွေ ကိုယ်လက်လှုပ်ရှားမှုနည်းတဲ့အခါ အဝလွန်လာတတ်ပါတယ်။ အဝလွန်ခြင်းက သွေးတိုး၊ နှလုံးသွေးကြောကျဉ်း၊ ဆီးချို၊ သွေးထဲတွင် ကိုလက်စထရောများခြင်း စတဲ့နောက်ဆက်တွဲရောဂါများ ဖြစ်လာပြီး လေဖြတ်ခြင်းနှင့် ဆက်စပ်မှုရှိနေပါတယ်။ ဒါကြောင့် အဝမလွန်အောင် အစားအသောက်ဆင်ခြင်ရင်း လေ့ကျင့်ခန်းမှန်မှန် လုပ်ပေးသင့်ပါတယ်။ စပိန်နိုင်ငံ၊ မာစီယာဒေသတွင်းရှိ ကျန်းမာရေးဆိုင်ရာ သုတေသီများ၏ ပြောကြားချက်အရ တစ်နေ့လျှင် သုံးနာရီခန့် လမ်းလျှောက်သည့် အမျိုးသမီးများသည် သာမန်အမျိုးသမီးများထက် လေဖြတ်ရောဂါ ဖြစ်ပွားနိုင်သည့် ရာခိုင်နှုန်းနည်းပါးကြောင်း လမ်းလျှောက်သူများသည် သာမန်လူများထက် လေဖြတ်ရောဂါဖြစ်ပွားနှုန်း ၄၃ ရာခိုင်နှုန်း နည်းစေနိုင်ကြောင်း သိရပါတယ်။

**(၄) အရက်လျှော့သောက်ပါ**

ယမကာ အသင့်အတင့်မှီဝဲခြင်းက သွေးလည်ပတ်မှု အားကောင်းစေတာမှန်သော်လည်း၊ အရက်ကို အတိုင်းအဆမရှိ သောက်သုံးခြင်းက လေဖြတ်မည့် အလားအလာ လွန်စွာနီးစပ်နေပါပြီ။ အကယ်၍ ဆေးလိပ်နှင့် အရက်တွဲလိုက်တဲ့အခါ လေဖြတ်မည့်နှုန်းက အဆမတန်မြင့်တက်သွားတာကြောင့် သတိနှင့်ဆင်ခြင်ပါ။

**(၅) သန္ဓေတားဆေးများ သတိထား**

အက်စ်ထရိုဂျင်ပါတဲ့ ပဋိသန္ဓေတားဆေးလုံးတွေ သုံးစွဲသော အမျိုးသမီးများဟာ လေဖြတ်ခြင်းအန္တရာယ်ကို စိုးရိမ်ရပါတယ်။ အထူးသဖြင့် အသက် ၄၀ နှစ်အထက် အမျိုးသမီးများ၊ သွေးတိုးရောဂါသည်များ၊ ခေါင်းတစ်ခြမ်းကိုက်လေ့ရှိသူများအဖို့ အက်စ်ထရိုဂျင်ပါတဲ့ ပဋိသန္ဓေတားဆေးလုံးတွေ မသုံးစွဲသင့်ပါဘူး။ ဆရာဝန်နှင့်တိုင်ပင်ပြီး အခြားသားဆက်ခြားနည်းဖြင့် ကာကွယ်ပါ။

**(၆) နှလုံးကျန်းမာနေပါစေ**

ဘယ်ဘက်ခြမ်း နှလုံးအခန်းထဲမှာ အဆီရှိသူများ၊ သိုင်းရွိုက်အကြိတ်မမှန်တာကြောင့် နှလုံးခုန်ရင်တုန်သူများ၊ နှလုံးအဆို့ရှင်မကောင်း၍ အဆို့ရှင် အတုလဲလှယ်ထားသူများ၊ နှလုံးသွေးကြောပိတ်၍ နှလုံးရှေ့မျက်နှာပြင်ပိုင်း ကြွက်သားပုပ်သူများ၊ ဦးနှောက်သွေးကြောပိတ်ဖူးတဲ့ ဝေဒနာရှင်များနှင့် လည်ပင်းရှိ Carotid သွေးလွှတ်ကြော ကျဉ်းသူများဟာ လေဖြတ်ခံရမည့်အန္တရာယ်အတွက် စိုးရိမ်စရာပါပဲ။ နှလုံးခုန်စည်းချက် မမှန်သူများဟာ သာမန်လူတွေနှင့် နှိုင်းယှဉ်ရင် လေဖြတ်ခံရဖို့ ငါးဆ ပိုများပါတယ်။ လေးဖက်နာ၊ နှလုံးရောဂါဝေဒနာရှင်များဟာလည်း သာမန်လူတွေနှင့် နှိုင်းယှဉ်ရင် လေဖြတ်ခံရဖို့ ၁၇ ဆ ပိုများပါတယ်။

**(၇) ဆီးချိုသွေးချို သတိထား**

ဆီးချို၊ သွေးချို ရောဂါသည်များဟာ သာမန်လူတွေထက် နှိုင်းယှဉ်တဲ့အခါ လေဖြတ်နိုင်ခြင်း အလားအလာ သုံးဆမျှ ပိုများနေပါတယ်။ ဒါကြောင့် ၄င်းဝေဒနာရှင်များအနေဖြင့် ဆရာဝန်ဖြင့် ကြပ်ကြပ်မတ်မတ် ဆေးဝါးကုသခံယူဖို့ အထူးလိုအပ်ပါတယ်။

**(၈) ခဏတာလေဖြန်းသူများ သတိထား**

အဆီအစိုင်အခဲလေးတွေ ဦးနှောက်သွေးကြောမှာ ရုတ်တရက် ပိတ်ဆို့သွားခြင်းကြောင့် ရံဖန်ရံခါမှာ လက်တစ်ဖက်ထုံကျဉ်၍ လှုပ်မရခြင်း၊ မျက်စိတစ်ဖက် ရုတ်တရက်မမြင်ရခြင်း၊ ကိုယ်တစ်ခြမ်း လေးလံသွားခြင်း စတာမျိုးတွေခံစားရပြီး ၂၄နာရီအတွင်း ပုံမှန်ပြန်ကောင်းသွားတာမျိုးကို 'ခဏတာ လေဖြန်းခြင်း'လို့ ခေါ်ပါတယ်။ ထိုအတွေ့အကြုံရှိသူများအဖို့ သာမန်လူတွေထက် လေဖြတ်နိုင်ခြင်း အလားအလာ ၁၀ ဆ မှ အဆ ၂၀ ထိ ပိုများနေလို့ သတိပြုပါ။


**(၉) အခြားရောဂါများ သတိထား**

Migrain (ခေါ်) နာတာရှည်ခေါင်းကိုက်လေ့ရှိသူများ၊ ဦးနှောက်အတွင်း သွေးကြောရောင်ရမ်းနေသူများ၊ Sickle Cell Anaemia(ခေါ်)သွေးအားနည်းရောဂါတစ်မျိုးခံစားရသူများအနေဖြင့် လေဖြတ်ခြင်းအန္တရာယ်နှင့် ဆက်စပ်နေတာမို့ သတိထားသင့်ပါတယ်။

**(၁၀) လေဖြန်းခြင်းအတွက် မျက်နှာလေ့ကျင့်ခန်းများ**

(က) ပါးဖောင်း လေ့ကျင့်ခန်း ဆယ်ကြိမ်၊ တစ်နေ့ ၃ ခါ လုပ်ပါ။ (ခ) သွားစိ လေ့ကျင့်ခန်း ဆယ်ကြိမ်၊ တစ်နေ့ ၃ ခါ လုပ်ပါ။ (ဂ) ပါးလျှာထိုး ဘယ်၊ ညာ လေ့ကျင့်ခန်း ဆယ်ကြိမ်၊ တစ်နေ့ ၃ ခါ လုပ်ပါ။ (ဃ) နှုတ်ခမ်းစူ လေ့ကျင့်ခန်း ဆယ်ကြိမ်၊ တစ်နေ့ ၃ ခါ လုပ်ပါ။

ရုတ်တရက် လေငန်းလေဖြတ်ခြင်းဆိုသော်လည်း ဆေးသိပ္ပံနည်းအရ ၄င်းရောဂါကို 'အသံတိတ်လူသတ်သမားရောဂါ (Silent Killer Disease)'လို့ ဆိုထားပါတယ်။ ဆိုလိုသည်မှာ မိမိကိုယ်ကို သတိမထားမိစဉ်မှာပင် ဦးနှောက်သွေးကြောငယ်များ (သို့မဟုတ်)ခန္ဓာကိုယ်တွင်း သွေးကြောဇီဝဖြစ်စဉ်များ ကမောက်ကမဖြစ်နေခြင်းက လေငန်းရောဂါဖြစ်စေဖို့ အစပျိုးနေပြီ။ ဒါကြောင့် အထက်ဖော်ပြပါ ဆောင်ရန်၊ ရှောင်ရန်နည်းများဖြင့် လေသင်တုန်းအန္တရာယ်မှ ကြိုတင်ကာကွယ်ထားသင့်ပါကြောင်း ထပ်လောင်း၍ အကြံပြုလိုက်ရပါတယ်။



# ကျိုင်းတုံမြို့နယ်၌ ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်စီမံခြင်း အခမ်းအနားကျင်းပ

ကျိုင်းတုံ ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်စီမံခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က ဟိုကျင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

ဦးစွာ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောမင်းသူတို့က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲတတ်စေသော ဆေးဝါးများအန္တရာယ်များ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေးနှင့် လူမှုရေးပင်စင်တို့နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များက အသိပညာပေး ဟောပြောရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံ တိုင်းရင်းသားပြည်သူများက ကျေးရွာအတွင်း လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ စသည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် ရှမ်းပြည်နယ်တိုင်းရင်းသာရေးရာ ဝန်ကြီးက အာခါတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အဖွဲ့အား အလှူငွေများ ပေးအပ်ပြီး ဟိုကျင်းကျေးရွာရှိ တိုင်းရင်းသားများ၏ ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာလိုအပ်မှု ဆန်းစစ်စီမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အောင်ဇင်မြင့်(ပြန်/ဆက်)

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက်မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။ ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## သွေးလှူရှင်အသင်းများကွန်ရက်(မန္တလေး)မှ ကြီးမှူး၍ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၅**

သွေးလှူရှင်အသင်းများ ကွန်ရက်(မန္တလေး)မှ ကြီးမှူး၍ စုပေါင်းသွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး) သွေးလှူဘဏ်ခွဲတွင် ကျင်းပသည်။

သွေးလှူဒါန်းပွဲတွင် အောင်မြေသာစံမြို့နယ်၊ ၁၉ လမ်း၊ ဒေါနဘွားရပ်ကွက်ရှိ ဓမ္မပါလသွေးလှူရှင်အသင်းအပါအဝင် သွေးလှူရှင်အသင်းအဖွဲ့များ၊ စေတနာ သွေးလှူရှင်များက သွေးများလှူဒါန်းရာ ဗဟိုအမျိုးသမီးဆေးရုံ သွေးလှူဘဏ်ခွဲဝန်ထမ်းများက သွေးပေါင်ချိန်ခြင်း၊ သွေးအမျိုးအစားခွဲခြားမှတ်တမ်းတင်ခြင်း၊ သွေးဖောက်ခြင်းများအား ဆောင်ရွက်ပေးကြပြီး စေတနာသွေးလှူရှင်များကို အားဆေးများပေးအပ်ကြပြီး ချမ်းမြသာစည်မြို့နယ်နေ ဦးဟန်နိုင်စိုး+ဒေါ်မိုးမိုးထွေး(မိုးထိအောင်စည်ကျောက်မျက်ကုမ္ပဏီ)မိသားစုမှ ဘူဖေးထမင်းဟင်းမျိုးစုံ ကျွေးမွေးခဲ့ကြောင်း သိရသည်။

(ဝ၄၅)



လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။

## နွားထိုးကြီးမြို့နယ် မြိုင်သာရွာနှင့် ဒေါင့်ဘိုးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် နှစ်ရက်ဆက်တိုက် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မြိုင်သာရွာနှင့် ဒေါင့်ဘိုးရွာကို ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် နှစ်ရက်ဆက်တိုက် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ပြည်သူတစ်ဦးသေဆုံးခဲ့ကြောင်း တရားမဝင်




ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းကျေးရွာများအတွင်း ပြည်သူများအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့်ကျေးရွာများကို ဒရုန်းဖြင့်ဗုံးကြဲခြင်း၊ လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် ပြည်သူလူထုမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန် ရောဂါသက်သာသဖြင့် ဆေးရုံမှ ဆင်းလာပြီ

**ဝါရှင်တန် ဒီဇင်ဘာ ၂၅**

အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန် တုပ်ကွေးရောဂါ သက်သာသဖြင့် ယမန်နေ့က ဆေးရုံမှဆင်းလာပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၇၈ နှစ်အရွယ် ဘီလ်ကလင်တန်သည် တုပ်ကွေးမိပြီး ဖျားနာလာရာမှ ဝါရှင်တန်မြို့တော်ရှိ ဂျော့ချ်တောင်းတက္ကသိုလ်ဆေးရုံသို့ တက်ရောက်ပြီး ကုသမှုခံယူခဲ့သည်။

၄၂ ဦးမြောက် အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဘီလ်ကလင်တန်သည် ယခင်က နှလုံးရောဂါခံစားခဲ့ရဖူးကြောင်း သိရသည်။ **Mon**

## ဂရင်းလန်ကျွန်း၌ ကာကွယ်ရေးမြှင့်တင်သွားမည်ဟု ဒိန်းမတ်ကာကွယ်ရေးဝန်ကြီး အတည်ပြုပြောကြား

**ကိုပင်ဟေဂင် ဒီဇင်ဘာ ၂၅**

ဂရင်းလန်ကျွန်း၌ ကာကွယ်ရေး မြှင့်တင်သွားမည်ဟု ဒိန်းမတ်ကာကွယ်ရေးဝန်ကြီး ထရိုယဲလ်စ်လန်းပူးလ်ဆန် ယမန်နေ့က အတည်ပြုပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့အကြီးဆုံးကျွန်းဖြစ်သည့် ဂရင်းလန်သည် မြောက်အမေရိကတိုက်ထဲတွင် ပါဝင်သော်လည်း ဒိန်းမတ်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ရှိနေသည်။

သို့ဖြစ်ရာ ဂရင်းလန်ကျွန်း လုံခြုံရေးအတွက် အမေရိကန်ဒေါ်လာသန်း ၁၅၀၀ ထက်မနည်း သုံးစွဲသွားမည်ဖြစ်ပြီး စစ်ဆေးရေးသင်္ဘောသစ်နှစ်စင်းအပါအဝင် လက်နက်များ တိုးမြှင့်တပ်ဆင်သွားမည်ဖြစ်ကြောင်း ထိုကာကွယ်ရေးဝန်ကြီးက ရှင်းလင်းပြောကြားသည်။



အမေရိကန်ပြည်ထောင်စုအနေဖြင့် ဂရင်းလန်ကျွန်းကို စိုးမိုးချုပ်ကိုင်နိုင်လျှင် မဟာဗျူဟာရလဒ်ကောင်းများ ထွက်ပေါ်လာလိမ့်မည်ဟု ဒေါ်နယ်လ်ထရမ့် ထုတ်ဖော်ပြောကြားပြီးနောက် အဆိုပါကာကွယ်ရေးမြှင့်တင်မည့် အစီအစဉ်နှင့်ပတ်သက်၍ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



ခရစ္စမတ်နေ့တွင် ဗာတီကန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် စိန့်ပီတာရင်ပြင်မှ တစ်ကမ္ဘာလုံးသို့ ဆုမွန်တောင်းပေးနေစဉ်။ **Mon**

## နယ်စပ်၌ လေကြောင်းတိုက်ခိုက်ခြင်းနှင့်ပတ်သက်၍ အာဖဂန်နစ္စတန်အစိုးရက ပါကစ္စတန်ကို သတိပေး

**ကဘူးလ် ဒီဇင်ဘာ ၂၅**

နယ်စပ်၌ လေကြောင်းတိုက်ခိုက်ခြင်းနှင့် ပတ်သက်၍ အာဖဂန်နစ္စတန်အစိုးရက ပါကစ္စတန်ကို ဒီဇင်ဘာ ၂၅ ရက်က သတိပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန်လေတပ်မှ တိုက်လေယာဉ်များ ဒီဇင်ဘာ၂၄ ရက်ညပိုင်းတွင် မိမိတို့နိုင်ငံပိုင်နက်ထဲအထိ ဝင်ရောက်ကာ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်အစိုးရဘက်က သတင်းထုတ်ပြန်သည်။

ယင်းလေကြောင်းတိုက်ခိုက်မှုကြောင့် နယ်စပ်ရှိ ဒုက္ခသည်စခန်းမှ အမျိုးသမီးများနှင့်ကလေးသူငယ်များ အပါအဝင် အရပ်သားများ ထိခိုက်သေဆုံးခဲ့ရကြောင်း အာဖဂန်နစ္စတန်ကြားဖြတ်အစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုကြေညာသည်။

ယခုနှစ်အတွင်း ပါကစ္စတန်ဘက်က မိမိတို့ဘက်အထိ ကျူးကျော်ဝင်ရောက်ပြီး လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်မှာ နှစ်ကြိမ်ရှိနေပြီဟု ထိုဝန်ကြီးဌာန ပြောခွင့်ရသူက ထောက်ပြကြောင်း သိရသည်။

**Mon**



## ကာဇက်စတန်နိုင်ငံ အက်တာအူမြို့အနီးတွင် ခရီးသည်တင်လေယာဉ်ပျက်ကျ၊ လူ ၃၀ ကျော် သေဆုံး



**အက်စတာနာ ဒီဇင်ဘာ ၂၅**

ကာဇက်စတန်နိုင်ငံ အက်တာအူမြို့အနီးတွင် ယမန်နေ့က ခရီးသည်တင်လေယာဉ်ပျက်ကျမှုဖြစ်ပွားရာ လူ ၃၀ ကျော် သေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ခရီးသည်ပေါင်း ၇၀ ဦးကျော်တင်ဆောင်ကာ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့တော်လေဆိပ်မှ စတင်ထွက်ခွာပြီး ရုရှားနိုင်ငံ ဂရော့ဇနီနယ်ဘက်သို့ ဦးတည်ပျံသန်းလျက်ရှိစဉ် အဆိုပါလေယာဉ်ပျက်ကျခဲ့ခြင်း ဖြစ်သည်။

အက်တာအူမြို့မှ ၁ ဒသမ ၉ မိုင်ခန့်အကွာတွင် အရေးပေါ်ဆင်းသက်ရန် စီစဉ်နေစဉ် ပျက်ကျသွားခြင်းဖြစ်ကြောင်း အဇာဘိုင်ဂျန်လေကြောင်းပျံသန်းမှုလုံခြုံရေးအဖွဲ့က ထုတ်ပြန်ကြေညာသည်။

ထိုလေယာဉ်ပေါ် စီးနင်းလိုက်ပါသွားသူများသည် အဇာဘိုင်ဂျန်နိုင်ငံသားအများစုဖြစ်ပြီး ရုရှား၊ ကာဇက်စတန်နှင့် ကာဂျစ်စတန်နိုင်ငံသားများလည်း ပါဝင်ကြသည်။

ကယ်ဆယ်ရေးသမားများသည် အရေးပေါ်ဆင်းသက်စဉ် ပျက်ကျမီးလောင်သွားခဲ့သော ထိုလေယာဉ်ပေါ်မှ လူပေါင်း ၂၀ နှင့် ၃၀ အကြား ကယ်တင်နိုင်ခဲ့သည်။

အုပ်စုဖွဲ့ပြီး ပျံသန်းလာသော ငှက်များနှင့် ဝင်တိုးမိရာမှ လေယာဉ်ပျက်ကျခြင်းဖြစ်သည်ဟု ရုရှားအခြေစိုက် မီဒီယာများက အတည်ပြုကြောင်း သိရသည်။

**Mon**

## ပြည်တွင်းစစ်ဖြစ်နေသော ဆူဒန်နိုင်ငံတွင် ငတ်မွတ်ခေါင်းပါးမှုအခြေအနေ ဆိုးရွားလာ

**ခါတူးမ် ဒီဇင်ဘာ ၂၅**

ပြည်တွင်းစစ်ဖြစ်နေသော ဆူဒန်နိုင်ငံတွင် နိုင်ငံသားများ၏ ငတ်မွတ်ခေါင်းပါးမှုအခြေအနေ ဆိုးရွားလာလျက်ရှိသည်ဟု လွတ်လပ်သော စားနပ်ရိက္ခာလုံခြုံရေးကျွမ်းကျင်သူများက သတိပေးလိုက်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

၂၀၂၃ ခုနှစ်က စတင်ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကြောင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်ရန်နှင့် ပြည်ပမှ မှာယူတင်သွင်းရန် ခက်ခဲလာရာမှ ငတ်မွတ်ခေါင်းပါးလာခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးရှိ လူဦးရေ၏ ထက်ဝက်ခန့်ဖြစ်သော လူပေါင်း ၂၄ သန်းကျော်တို့အတွက် အရေးပေါ်စားနပ်ရိက္ခာအထောက်အပံ့ လိုအပ်နေကြောင်း သိရသည်။

**Mon**

0-0-0-0-0



## ဘရာဇီးနိုင်ငံတွင် မြစ်ကူးတံတားကျိုးကျရာမှ ဘေးဖြစ်စေမည့် ဓာတုပစ္စည်းများ မြစ်ရေထဲကျ

**ဘရာစီးလီးယား ဒီဇင်ဘာ ၂၅**

ဘရာဇီးနိုင်ငံတွင် မကြာသေးမီက ဂျတ်ဆယ်လီနိုကူဘစ်ချက်ဒီအော်လီဗိုင်ရာ မြစ်ကူးတံတားကျိုးကျရာမှ ဘေးဖြစ်စေမည့် ဓာတုပစ္စည်းများ မြစ်ရေထဲ ကျသွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်းရှိ ၅၃၃ မီတာရှည်လျားသော အဆိုပါ မြစ်ကူးတံတားကျိုးကျမှုကြောင့် လူလေးဦး သေဆုံးကာ ၁၀ ဦးကျော် ပျောက်ဆုံးလျက်ရှိသဖြင့် ရှာဖွေနေဆဲဟု ဆိုသည်။

မော်တော်ဆိုင်ကယ်နှင့် ကားများ ဖြတ်သန်းနေစဉ် ထိုတံတား ကျိုးကျခြင်းဖြစ်ပြီး ကုန်ကားလေးစင်း၊ အိမ်စီးကား သုံးစင်းနှင့် မော်တော်ဆိုင်ကယ် သုံးစင်း ထိုကန်တင်းစ်မြစ်ထဲ ပြုတ်ကျခဲ့သည်။

ကုန်ကားလေးစင်းပေါ်တွင် တင်ဆောင်လာသော ပိုးသတ်ဆေးနှင့်ဆာလဖျူရစ်အက်ဆစ် ၇၆ တန် မြစ်ရေထဲကျသွားခဲ့သဖြင့် မြစ်ကမ်းဘေးတွင်နေသူများကို မြစ်ရေချိုးခြင်း၊ သောက်သုံးခြင်း မပြုကြရန် သက်ဆိုင်ရာက သတိပေးထားမြစ်ထားကြောင်း သိရသည်။

**Mon**

0-0-0-0-0

STOP AIDS

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပခုက္ကူ ဒီဇင်ဘာ ၂၅**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပခုက္ကူတက္ကသိုလ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အဆိုပါ တက္ကသိုလ်ရှိ ကျွန်းရွှေဝါခန်းမတွင် ကျင်းပသည်။ **(အောက်ပုံ)**



ဟောပြောပွဲတွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားပြီး အမှတ်(၂)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ စိတ်(ပခုက္ကူ)မှ ဒုတိယရဲအုပ်ဝင်းလှိုင်က လူကုန်ကူးမှုဖြစ်ပေါ်ရသည့်အကြောင်းရင်းများ၊ သတိထားရမည့်လူကုန်ကူးမှုပုံစံများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေများနှင့်ဥပဒေအရ ကျခံနိုင်သည့် ပြစ်မှုပြစ်ဒဏ်များ၊ပြည်ပအလုပ်အကိုင်များနှင့် နောက်ဆက်တွဲ ဆိုးကျိုးပြဿနာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနည်းလမ်းများအကြောင်းတို့ကို အသိပညာပေး ရှင်းလင်းဟောပြောသည်။

အဆိုပါ ဟောပြောပွဲတွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်းပြီး သိရှိလိုသည်များ မေးမြန်းဆွေးနွေးခြင်း၊လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခဲ့ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (၃၄၀)



## မော်တော်ဆိုင်ကယ်မောင်းနှင်သူများ ဆိုင်ကယ်စီးဦးထုပ်ဆောင်း မောင်းနှင်ရေး အသိပညာပေး၍ လက်ကမ်းစာစောင်များ ဖြန့်ဝေ

**နမ့်စန် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ယာဉ်မတော်တဆဖြစ်မှုများကြောင့် ယာဉ်စီးနင်းသူများ ထိခိုက်မှုအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့် လိုက်ပါစီးနင်းသူများအားလုံး ဆိုင်ကယ်စီးဦးထုပ်ဝတ်ဆင်မောင်းနှင်ရေးအသိပညာပေး ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက အမှတ်(၂)ရပ်ကွက် မြို့နယ်ခန်းမရှေ့ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်နိုင်ဦး၊ အမှတ်(၁၁၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်မှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပြည်ထောင်စုလမ်းမကြီးပေါ်တွင် သွားလာနေကြသော မော်တော်ဆိုင်ကယ်များကို ရပ်တန့်စစ်ဆေး၍ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ ယာဉ်မောင်းနှင်စီးနင်းသူများကို အသိပညာပေးပြောကြားကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မော်တော်ဆိုင်ကယ်စီးနင်းသူများလိုက်နာရန် စည်းကမ်းချက်များပါဝင်သည့် လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။ (ဝဲပုံ)

အဆိုပါအသိပညာပေးမှုကို မွန်းလွဲ ၂ နာရီခွဲအထိ ဆောင်ရွက်၍ လက်ကမ်းစာစောင် စုစုပေါင်း အစောင် ၂၀၀ အား ဖြန့်ဝေပေးခဲ့ကြောင်းနှင့် အသိပညာပေးကာလ ပြီးဆုံးပါက ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ မောင်းနှင်သူများနှင့် အသက်ကယ်ထိုင်ခုံခါးပတ် မပတ်ဘဲ ယာဉ်မောင်းနှင်သူများကို သက်ဆိုင်ရာပူးပေါင်းအဖွဲ့စုံဖြင့် ရှောင်တခင်စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၃ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မုံရွာမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tracuor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲကိုလည်းကောင်း၊ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၆၆/၆)၊ တံခွန်တိုင်အပိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၇ မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီးကိုလည်းကောင်း၊ မန္တလေးဘူတာကြီး ရန်ကုန်-မန္တလေးအဆန်ရထား ပါဆယ်(၁) ရထားတွဲပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုးကိုလည်းကောင်း၊ မန္တလေးမြို့ဟောင်းဘူတာ၌ ရန်ကုန်-မန္တလေးအဆန်ရထား ကုန်တင်တွဲနံပါတ်- ၄၀၀၂၉၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုးကိုလည်းကောင်း၊ သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးနှင့် Nissan Condor Truck တစ်စီးကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုးကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာကိုးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*-*-*

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပဲခူးမြို့နယ်၊ဘုရားကြီးနယ်မြေ ရဲစခန်းအပိုင်တွင် ဒီဇင်ဘာ ၂၂ရက် ညနေ ၄ နာရီခွဲခန့်က မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘုရားကြီးနယ်မြေရဲစခန်းမှ စခန်းမှူးဦးဆောင်သော တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ပျဉ်ပုံကြီး(အနောက်)ကျေးရွာရှိ တိုးဇာ ၃၇နှစ်ဆိုသူ၏ နေအိမ်သို့ မူးယစ်ဝရမ်းဖြင့် ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ထပ် လှေကားရင်းတွင် တိုးဇာဆိုသူအားတွေ့ရှိရပြီး ဝဲဘက်လက်အတွင်း အနက်ရောင်ကြွပ်ကြွပ်အိတ်အတွင်းရှိ အပြာရောင်ကပ်ခွာအိတ်အတွင်းမှ ပန်းရောင် စိတ်ကြွရူးသွပ် ဆေးပြား ၈၀ပြား၊ အစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ကိုးပြား ပေါင်း(၈၉)ပြား၊ မြန်မာငွေစက္ကူရောရာ ငွေကျပ် ၄၄၀၀၀၊ လှေကားအနီးရှိ ကြောင်အိမ်ပေါ်မှ မူးယစ်ဆေးသုံးရာတွင် အသုံးပြုသော ငွေမှင်ရောင်စက္ကူအလိပ် သုံးလိပ်၊ ကြောင်အိမ်အနီးရှိ ကွပ်ပျစ်ပေါ်မှ မူးယစ်ဆေးဝါးထည့်ရာတွင် အသုံးပြုသောအပြာရောင်ကပ်ခွာအိတ်ခွံ သုံးလုံး၊ မောင်တိုးဇာအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်မှုရင်းတစ်ခု၊ အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူတစ်စောင်၊ အပြာရောင်မီးခြစ် နှစ်လုံးတို့အား ရှာဖွေတွေ့ရှိသဖြင့် သက်သေများရှေ့မှောက်တွင် ရဲလုပ်ထုံးလုပ်နည်းဖြင့်အညီ သိမ်းဆည်းပြီး မူး/စိတ်ဥပဒေဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ရန်-မန်းကားလမ်းတွင် ယာဉ်မတော်တဆမှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ရန်ကုန်-မန္တလေးကားလမ်းဟောင်း၊မိုင်တိုင်အမှတ် (၁၄/၂)နှင့် (၁၄/၃)ကြား၊ညောင်ကန်ကျေးရွာအုပ်စု၊ သဲကုန်းကျေးရွာ၊ ကလိန်ခြေကျေးရွာလမ်းဆုံတွင် ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၁နာရီက ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းနှင့် အမျိုးသမီးတစ်ဦးလိုက်ပါလာသော MDY/32W YINZING 110 ဆိုင်ကယ်သည် ရန်-မန်းကားလမ်းဟောင်းအတိုင်းအနောက်မှ အရှေ့သို့ မောင်းနှင်လာစဉ် လမ်းဖြတ်ကူးသည့် အမျိုးသမီးတစ်ဦးအား တိုက်မိခဲ့ပြီး ယာဉ်မောင်းတွင် ဝဲဘက်မျက်ခုံး ပေါက်ပြဲဒဏ်ရာ၊ နှာခေါင်းသွေးထွက်ဒဏ်ရာ၊ မေးစေ့ပေါက်ပြဲဒဏ်ရာ၊ ဝဲဘက်လက်ဖမိုးပွန်းခြစ်ဒဏ်ရာများ၊ ယာဉ်တွင်လိုက်ပါသူတွင် ယာဘက်လက်ဖမိုးနှင့်ဒူးတို့တွင် ပွန်းခြစ်ဒဏ်ရာများ၊ယာဘက်ခြေကျင်းဝတ် နာကျင်ဒဏ်ရာများ၊ အတိုက်ခံရသူ အမျိုးသမီးတွင် ယာဘက်နားနှင့် နှာခေါင်းသွေးထွက်ဒဏ်ရာ၊ ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ အခင်းဖြစ်နေရာသို့ အမှတ်(၉၆)ယာဉ်ထိန်းရဲ တပ်ဖွဲ့စုမှ ရဲအုပ်ဟန်ထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊အမှတ်(၃)နယ်မြေရဲစခန်း (မိတ္ထီလာမြို့)မှ ဒုတိယရဲအုပ် ဇင်စုအောင်နှင့် တပ်ဖွဲ့ဝင်များသည် သွားရောက် စစ်ဆေးခဲ့ကြပြီး ထိခိုက်ဒဏ်ရာရရှိသူများအား မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ မော်တော်ဆိုင်ကယ်အားမဆင်မခြင်ပေါ့ဆစွာ မောင်းနှင်အသုံးပြုသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၀၅၇)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## စူပါမော်ဒယ်လ် Cara Delevingne ၏ ကျောင်းသားဇာတ်ကားလူကြိုက်များ

ဗစ်တိုးရီးယားစီးကရက်၏ စူပါမော်ဒယ်လ် Cara Delevingne ပါဝင်ထားသည့် ကျောင်းသားဇာတ်ကား Paper Towns မှာ




လူကြိုက်များ အားပေးမှုရရှိထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားမှာ အထက်တန်းကျောင်းသားဘဝဆယ်ကျော်သက်အရွယ်များ အကြောင်းပုံဖော်ထားပြီး ပုံမှန်သတိမထားမိသော စဉ်းစားစရာများကို ချပြသွားသည်။

လောကကြီးတွင် ထူးထူးဆန်းဆန်းများ ရှုမြင်တတ်ပြီး အိမ်မှ ပျောက်ပျောက်သွားတတ်သည့် မိန်းကလေးက သဲလွန်စများ ချန်ထားတတ်ရာမှ မျက်စောင်းထိုးအိမ်မှ လူလိမ္မာကောင်လေးနှင့် တွေ့ခဲ့ကြသည်။

ထုံးစံအတိုင်း သဲလွန်စထား၍ ပျောက်သွားသော မိန်းကလေး ပြန်ပေါ်မလာ၍ ချစ်သူကောင်လေးက သူငယ်ချင်းများနှင့်အတူ ရှာပုံတော်ဖွင့်ပုံ၊ ကျောင်းကပွဲတက်ချင်၍ ရှာပုံတော်ခရီးကို အချိန်တိုအတွင်း စီစဉ်ကြပုံများ ရိုက်ကူးထားကာ မော်ဒယ်လ် Cara Delevingne ၏ ဇာတ်ရုပ်မှာ စိတ်ဝင်စားဖွယ် ဖြစ်ခဲ့သည်။

(SKY)

•-•-•-•-•

## Black Pink မှ Rose က APT ဂီတအယ်လ်ဘမ်တွင် ကိုယ်တိုင်ပါဝင်ရေးသားထား

စိတ်ကူးယဉ်ဆန်၍ လူငယ်ဆန်သော အသက်နှစ်ဆယ်အရွယ် ကောင်မလေးတစ်ဦး၏ ခံစားချက်များ(သို့မဟုတ်) Rose က APT ဂီတအယ်လ်ဘမ်မှ သီချင်းများကို ကိုယ်တိုင်ပါဝင်ရေးသားခဲ့ပြီး Number One Girl များကို ချပြထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Rose နှင့် ပေပါအင်တာဗျူးတွင် သူ၏ Pre-release လုပ်ပေးထားသည့်သီချင်းနှင့်ပတ်သက်၍ အဓိကပေးချင်သည့်အကြောင်း ပြောကြားရာတွင် ကိုယ့်ချစ်သူဆီမှ ပြန်အချစ်ခံချင်၍ ဖြစ်သည်ဟု ဆိုသည်။




စိတ်ခံစားမှုများသည့် Stay A Little Longer ကို Rose က Mood ထည့် စိတ်နှစ်ထားကာ ခုနစ်နာရီကြာ သွင်းခဲ့ပြီး To Stay A Little Longer တွင် ကြေကွဲဖွယ်ကို ပုံဖော်ထားကာ ရသမျိုးစုံပေးထားသည့်သီချင်းများ ဖြစ်ကာ Rose ၏ အသံစွမ်းရည်ကို ပရိသတ်ရင်ထဲထိ အရောက်ပို့ပေးနိုင်ခဲ့သည်။

(SKY)

## UFO တူရကီဇာတ်ကား ရသမြောက်စွာ ရိုက်ကူးထား

တူရကီ အချစ်ဇာတ်ကား UFO တွင် ဆိုင်ကယ်စီးချန်ပီယံဖြစ်ချင်သူနှင့် UFO မှ တစ်နေ့နေ့လာခေါ်မည်ဟု မျှော်လင့်နေသူ တို့နှစ်ဦးအကြောင်း ရသမြောက်စွာ ရိုက်ကူးထားသည်ဟု ရိုတေရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆိုင်ကယ်စီးချန်ပီယံဖြစ်ချင်သော လူငယ်လေးက သင်တန်းအပြီး ဆိုင်ကယ်ပြိုင်ပွဲဝင်ရာမှ UFO ကို ရူးသွပ်ပြီး တစ်နေ့နေ့လာခေါ်မည်ဟု မျှော်လင့်နေသည့် မိန်းကလေးကို တွေ့ရှိခဲ့ပြီး ပါတီပွဲတွင် ပြန်ဆုံရာမှ ချစ်သူဖြစ်ခဲ့ကြသည်။

နှစ်ဦးသားဆန္ဒများကို အပြန်အလှန် ဖြည့်ဆည်းပေးခဲ့ကြပုံကို ရသမြောက်စွာ ပုံဖော်ရိုက်ကူးထားသည့် တူရကီအချစ်ဇာတ်ကားကောင်းတစ်ခုဖြစ်ပြီး ပရိသတ်အားပေးမှု ရရှိထားသည်။

(SKY)






## RM @ Kim Namjoon က ၂၀၂၅ကို အဓိပ္ပာယ်ရှိသောနှစ် ဖြစ်ချင်ခဲ့

BTS အဖွဲ့ဝင်ခေါင်းဆောင် RM (ခေါ်) Kim Namjoon သည် လက်ရှိ သင်တန်းတက်နေဆဲဖြစ်ပြီး ပရိသတ်ထံ စာတစ်စောင်ပို့ပေးခဲ့ရာ ၂၀၂၅ခုနှစ်ကို အဓိပ္ပာယ်ရှိသောနှစ်ဖြစ်ချင်၍ ကြိုးစားနေကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

"ပရိသတ်များ အဆင်ပြေကြပါရဲ့လား။ တစ်နေ့ပြီးတစ်နေ့ ကုန်လွန်၍ ဒီဇင်ဘာရောက်ကာ ပြီးပြည့်စုံသည့် ဆောင်းရာသီကို ဖြတ်သန်းရင်း သင်တန်းကာလ တစ်နှစ်ရှိခဲ့ပြီ။ ခရစ္စမတ်တွင် အတူမရှိသော်လည်း Documentary နှင့်သာ နှုတ်ဆက်နိုင်ခဲ့ပြီး စိတ်ထဲတွင် အတူရှိနေခဲ့သည်။ ၂၀၂၅ခုနှစ်ကို ပိုအဓိပ္ပာယ်ရှိသည့် နှစ်ဖြစ်အောင် ကြိုးစားမည်။

ပရိသတ်များ ကျန်းမာစွာနေထိုင်၍ ရှည်လျားသော ဆောင်းရာသီကို ဖြတ်သန်းခွင့်နှင့် ပေးခဲ့သော အချစ်များအတွက် ကျေးဇူးတင်သည်ဟု ရေးသားဖော်ပြထားရာ ပရိသတ် သဘောကျခဲ့ကြသည်။

(SKY)

•-•-•-•-•



## ဟိုက်ဒရိုဂျင်နာနိုဓာတ်ပေါင်းဖိုဆန်းသစ်ထုတ်လုပ်ရန် လီဗာပူးလ်တက္ကသိုလ်မှ ပညာရှင်များ သုတေသနပြု

ယနေ့ခေတ် မြို့ပြလူနေမှုဘဝတွင် စွမ်းအင်အမျိုးမျိုးကို မရှိမဖြစ်လိုအပ်လျက်ရှိရာ နည်းပညာအဟောင်း၊ အသစ်များဖြင့် ထုတ်ယူသုံးစွဲနေကြသည်။

ယခုနောက်ပိုင်းတွင် ရေနံနှင့် ကျောက်မီးသွေး အခြေပြုစွမ်းအင်အစား အစိမ်းရောင်စွမ်းအင်အမျိုးအစားဖြစ်သော ရေ၊ နေ၊ လေ စသောအရင်းအမြစ်များမှ လျှပ်စစ်စွမ်းအင်ကို ပြောင်းလဲထုတ်ယူသုံးစွဲလျက်ရှိကြသည်။

အစိမ်းရောင်စွမ်းအင်အမျိုးအစားတွင်ပါဝင်သော ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကိုအခြေပြုကာ ဟိုက်ဒရိုဂျင်နာနိုဓာတ်ပေါင်းဖို ဆန်းသစ်ထုတ်လုပ်ရန် ဗြိတိန်နိုင်ငံ လီဗာပူးလ်တက္ကသိုလ်မှ ပညာရှင်များ သုတေသနပြုလျက်ရှိသည်။


ထိုသို့သုတေသနပြုရာမှ မြန်နှုန်းမြင့် ဟိုက်ဒရိုဂျင်နာနိုဓာတ်ပေါင်းဖိုနည်းပညာသစ်ကို အဆိုပါပညာရှင်များ မကြာသေးမီက ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

(SCI)

## Harry Potter Reboot အတွက် ကလေးငယ်သုံးသောင်းနှစ်ထောင် စိစစ်ရွေးချယ်

HBO ၏ Harry Potter Reboot ရုပ်သံဇာတ်လမ်းတွဲသစ်အတွက် ကလေးသရုပ်ဆောင်ရွေးချယ်ရာတွင် ကလေးစုစုပေါင်း သုံးသောင်းနှစ်ထောင် လာရောက်အရွေးခံခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လန်ဒန်မြို့ရှိ Warner Bros: Discovery ရုံးချုပ်တွင် ပရိသတ်တွေ့ဆုံပွဲ ပြုလုပ်ခဲ့ရာမှ ဒါရိုက်တာ မတ်မိုင်လော့က ကလေးငယ်ပေါင်း သုံးသောင်းနှစ်ထောင်ကို ရွေးချယ်ခဲ့ရကြောင်း ပြောကြားပြီး လက်ရှိအပြီးသတ် ရွေးချယ်မှုမပြုလုပ်နိုင်သေးဘဲ ၂၀၂၅ ခုနှစ် နွေရာသီတွင် စတင်ရိုက်ကူးရန် စီစဉ်ထားသည်။




အဆိုပါ ရုပ်သံပထမပိုင်းတွင် အပိုင်းဆယ်ပိုင်း ပါဝင်မည်ဖြစ်ပြီး ပထမဆုံးစာအုပ်ဖြစ်သည့် Harry Potter and the Philosopher's stone ကို အခြေခံရိုက်ကူးမည်ဖြစ်ကာ တစ်နှစ်ကို Season တစ်ခုနှုန်း ထုတ်လွှင့်၍ စာအုပ်ခုနစ်အုပ်လုံး ရိုက်ကူးရန် လျာထားကြောင်း ထပ်ဆင့်၍ ဒါရိုက်တာက ပြောကြားသည်။

(SKY)

## Scott Adkins ၏ အက်ရှင်ဇာတ်ကား Take Cover ထွက်ရှိလာ

စပိန်အက်ရှင်မင်းသား Scott Adkins ပါဝင်သည့် အက်ရှင်ဇာတ်ကားသစ် Take Cover ထွက်ရှိလာ၍ ပရိသတ် စိတ်ဝင်စားနေကြကြောင်း ရိုတေရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အက်ရှင်မင်းသား Scott Adkins နှင့်အတူ Jack Parr၊ Madalina Bellariu Lon တို့ ပါဝင်အားဖြည့်ထားပြီး အကြမ်းစားအက်ရှင်ကားအဖြစ် ရိုက်ကူးထားသည်။




ကြေးစားလူသတ်သမားဘဝမှ အနားယူရန် နောက်ဆုံးမစ်ရှင်တစ်ခု ထမ်းဆောင်နေစဉ် မထင်မှတ်သောအရာများ ဖြစ်ခဲ့၍ အန္တရာယ်တောထဲမှ ရုန်းထွက်ပုံကို စိတ်ဝင်စားဖွယ် ရိုက်ကူးတင်ပြထားသည်။

Boyka မင်းသားဟု ကျော်ကြားသည့် Scott Adkins ၏ အက်ရှင်ဇာတ်ကားဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ထွက်ရှိထားသည်။

(SKY)



## ကုန်စည်ဒိုင်အတွင်း သီးနှံမျိုးစုံရောင်းဝယ်နေမှုများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် လှည့်လည်ကြည့်ရှု

**မုံရွာ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ ကုန်စည်ဒိုင်အတွင်း ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက သီးနှံမျိုးစုံ ရောင်းဝယ်နေမှုများအား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုခဲ့သည်။

မုံရွာကုန်စည်ဒိုင် အစည်းအဝေးခန်းမတွင် မုံရွာကုန်စည်ဒိုင်နာယက၊ ဥက္ကဋ္ဌ ဦးကြည်လှိုင်နှင့်အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

"စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ မုံရွာမြို့ရှိ ကုန်စည်များစီးဆင်းမှု မြန်ဆန်ကောင်းမွန်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်းတွေကို အဆင့်မြှင့်တင်ပေးနေပါတယ်။ ပြည်သူတွေစားရေးရိက္ခာဖူလုံစေရေးအတွက် တာဝန်ရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးနေပြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်းအလေးထားဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနိုင်လင်းနှင့် တာဝန်ရှိသူများက တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြပြီး မုံရွာကုန်စည်ဒိုင်နာယက၊ ဥက္ကဋ္ဌဦးကြည်လှိုင်၊ အလုပ်အမှုဆောင်များနှင့်အဖွဲ့ဝင်များက ကုန်စည်ဒိုင်အတွင်း သီးနှံအမျိုးမျိုးရောင်းဝယ်နေမှု အခြေအနေများနှင့် ဖြည့်ဆည်းပေါင်းစပ်ပေးရန်လိုအပ်မှုအခြေအနေများအား အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့၊ အလယ်ရပ်ကွက်ရှိ ပီတိသီးနှံပွဲရုံ၊ ထန်းတောရပ်ကွက်ရှိ ပင်ရင်းကြက်သွန်ပွဲရုံ၊ ဆူးလေကုန်းရပ်ကွက်ရှိ ဒို့ဗမာဆန်၊ ဆီပွဲရုံများသို့ သွားရောက်၍ ကုန်စည်များ ထုပ်ပိုးရောင်းချနေမှုများနှင့် ကုန်စည်စီးဆင်းမှုအခြေအနေများအား ကုန်သည်များအားမေးမြန်းပြီး ကုန်စည်များ သိုလှောင်ထားရှိမှုများအား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၃၉၄)**



## ပြည်ပသို့ မြန်မာ့ပြောင်းတန်ချိန် (၁၇)သိန်းကျော် တင်ပို့ထား

ယခု ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ မြန်မာ့ပြောင်းတန်ချိန် (၁၇)သိန်းကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းမှ သိရသည်။

ပြည်ပသို့ ပြောင်းတင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှတစ်ဆင့် အဓိကတင်ပို့နေပြီး နယ်စပ်တင်ပို့မှုအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးဂိတ်မှတစ်ဆင့် တင်ပို့နေကြောင်း သိရသည်။

လက်ရှိတွင် ပြည်ပသို့ တင်ပို့နေသော မြန်မာ့လယ်ယာထွက်ကုန် သီးနှံများအနက် ပဲမျိုးစုံတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေအများဆုံးရရှိနေပြီး ဆန်တင်ပို့မှုမှ ဒုတိယအများဆုံးရရှိကာ ပြောင်းတင်ပို့မှုမှ တတိယအများဆုံးရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

တစ်နှစ်လျှင် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ပြောင်းသီးနှံ၏ သုံးပုံနှစ်ပုံခန့်ကို ပြည်ပသို့ တင်ပို့နေခြင်းဖြစ်ပြီး ကျန်သုံးပုံတစ်ပုံခန့်ကို ပြည်တွင်း၌ သုံးစွဲလျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၌ ပြောင်းသည် စိုက်ပျိုးထွက်ရှိမှုပမာဏအားဖြင့် ဆန်ပြီးလျှင် ဒုတိယအများဆုံးထွက်ရှိသော ထုတ်ကုန်ဖြစ်ပြီး ပြည်ပသို့တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိမှုကို နှိုင်းယှဉ်ပါက ပဲမျိုးစုံနှင့် ဆန်ပြီးလျှင် ပြောင်းသည် တတိယအများဆုံး ဖြစ်သည်။

လက်ရှိပြည်တွင်း၌ တစ်နှစ်လျှင် ပြောင်းထုတ်လုပ်မှု ပမာဏ မက်ထရစ်တန်ချိန်(၃ ဒသမ ၂) သန်းခန့်ရှိသည့်အနက် တန်ချိန် (၂ ဒသမ ၂)သန်းခန့်ကို ပြည်ပသို့ တင်ပို့ကြောင်း၊ မြန်မာတစ်နိုင်ငံလုံး၌ စုစုပေါင်းပြောင်းစိုက်ဧက နှစ်သန်းကျော်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးသော ဆီးသီးများ ဝယ်ယူမှုကောင်းမွန်ခြင်းကြောင့် ဈေးကောင်းရရှိနေ



**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းစိုက်ပျိုးသော ဆီးသီးများအား ထုတ်ကုန်လုပ်ငန်းလုပ်ကိုင်သူများနှင့် ဆီးသီးပွဲရုံများက ဝယ်ယူမှုကြောင့် ဈေးကောင်းရရှိနေကြောင်း ဆီးသီးစိုက်ပျိုးသူများထံက သိရသည်။

ကျောက်ဆည်ခရိုင်အတွင်း စိုက်ပျိုးထားသော ဆီးသီးများအား ရန်ကုန်မြို့၊ မန္တလေး၊ တောင်ကြီး၊ အောင်ပန်း စသည့် မြို့နယ်များသို့ တင်ပို့ရောင်းချနေရသည်။

"ယိုစုံလုပ်ငန်းလုပ်တဲ့သူတွေက အခုဆိုရင် စိုက်ပျိုးတဲ့နေရာအထိ လိုက်လံဝယ်ယူကြတယ်၊ အသီးကောင်းမွန်မှုပေါ်မူတည်ပြီးတော့ ဈေးနှုန်းအနည်းအများတော့ကွာတာပေါ့၊ တစ်ဖာကို ငွေကျပ် ၂၀၀၀၀ ကျော်လောက်တော့ရတယ်၊ ဒီနှစ်အထွက်နှုန်းကလည်းကောင်းတော့ စိုက်ပျိုးသူတွေအဆင်ပြေတာပေါ့"ဟု ဆီးသီးစိုက်ပျိုးသူတစ်ဦးဖြစ်သူ ဦးမြဝင်းက ပြောသည်။

ဆီးပင်များအား ဇွန်လတွင် စတင်စိုက်ပျိုးကြပြီး နှစ်နှစ်၊ သုံးနှစ်ခန့်အကြာတွင် ဆီးသီးများ စတင်သီးပြီး ဒီဇင်ဘာနှင့် ဇန်နဝါရီလများတွင် ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ တစ်ဧကလျှင် အပင်အရေအတွက်ပေါ်မူတည်ကာ ဖာ (၁၀ ပြည်ပါ) ၂၀မှစတင်ကာ အများဆုံးဖာ ၅၀ခန့်အထိ ထွက်ရှိကြောင်း၊ နှစ်ရှည်သီးနှံပင်ဖြစ်သောကြောင့် အပင်များပေါ်တွင် ဂရုစိုက်မှုပေါ်မူတည်၍ ထွက်နှုန်းကွာခြားမှုရှိသည်။

"စိုက်ပျိုးစရိတ်ကလည်း စတင်စိုက်တဲ့အချိန်မှာပဲ မျိုး၊ သွင်းအားစု၊ အလုပ်သမားစရိတ်တွေကို ကုန်ကျမှုရှိပေမယ့်နောက်ပိုင်းက သိပ်ပြီးထပ်မထည့်ရတော့ပါဘူး၊ နှစ်စဉ်လည်းထွက်နေတဲ့အတွက် တောင်သူတွေအတွက်တော့ စိုက်ပျိုးသင့်တဲ့ သီးနှံပင်အမျိုးအစားဖြစ်ပါတယ်၊ ဝယ်ယူမှုကလည်း နှစ်စဉ် ကောင်းမွန်ပါတယ်"ဟု ဆီးသီးစိုက်ပျိုးသူတစ်ဦးက ပြောသည်။

ဆီးသီးသည် အသုံးဝင်မှုများပြားသည့် သီးနှံအမျိုးအစားဖြစ်ပြီး ဆီးသီးအသားအား ယိုစုံလုပ်ငန်းနှင့်ဖျော်ရည် လုပ်ငန်းများတွင် အသုံးပြုနိုင်ကြောင်း၊ ဆီးသီးခွဲခြမ်းများအား ပဲကြော်လုပ်ငန်းများမှ လောင်စာအဖြစ် အသုံးပြုကြပြီး ဆီးသီးကိုကြိတ်ခွဲ၍ ရရှိလာသည့် ဆီးဆံများကို ဆေးဖော်စပ်ရန်နှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်ရန်အတွက် အဓိကတရုတ်နိုင်ငံနှင့် အခြားနိုင်ငံအချို့ကိုလည်း တင်ပို့ရောင်းချမှုပြုလုပ်လျက်ရှိသည်။

ဆီးပင်များသည် ပူအိုက်စိုစွတ်သောဒေသများတွင် အလေ့ကျပေါက်ရောက်လေ့ရှိသော အပင်မျိုးဖြစ်ပြီး ယခုအခါ ဈေးကွက်ကောင်းမွန်လာခြင်းကြောင့် စနစ်တကျစိုက်ပျိုးမှုများကိုပြုလုပ်လာကြကြောင်း၊ မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ပခုက္ကူဒေသဖက်တွင်လည်း စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံ၏ အဖိုးတန်သော လယ်ယာထွက်ကုန်များတွင် ဆီးသီး တန်ဖိုးမြင့်ထုတ်ကုန်များ ပါဝင်လာသဖြင့် Made In Myanmar ဆီးသီးထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ တွင်ကျယ်စွာ တင်ပို့ရောင်းချနိုင်လျှင် ဒေသတွင်းစီးပွားရေးအား များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

**(မန္တလေးနေ့စဉ်-ရ)**

## စားအုန်းဆီတင်သွင်းမှု ၃၀ ရာခိုင်နှုန်းအတွက် တစ်ဒေါ်လာ ၂၁၀၀ ကျပ်ဖြင့် ဗဟိုဘဏ် ရောင်းပေးနေ

ပြည်ပကနေ စားအုန်းဆီတင်သွင်းရာမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လိုင်စင်ထုတ်ပေးသည့် ပမာဏ၏ ၃၀ ရာခိုင်နှုန်းအတွက် တစ်ဒေါ်လာ ၂၁၀၀ ကျပ်နှုန်းဖြင့် ဗဟိုဘဏ်ကနေ နိုင်ငံခြားငွေတွေ ထုတ်ရောင်းပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း(MEODA) က သိရသည်။

"စီးပွား၊ ကူးသန်းအနေနဲ့ ပြည်ပကနေတင်သွင်းတဲ့ စားအုန်းဆီတွေ ပင်လယ်ဝကို ရောက်တာနဲ့ လိုင်စင်ထုတ်ပေးနေပြီး ပေးချေရမယ့် ၆၅ ရာခိုင်နှုန်းသော နိုင်ငံခြားငွေကိုတော့ Online Trading Platform ကနေ လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း" MEODA တာဝန်ရှိသူက ပြောသည်။

လက်ရှိမှာ MEODA အနေဖြင့် စားအုန်းဆီကို ရည်ညွှန်းဈေးထက် ၂ ရာခိုင်နှုန်းထက် ပိုမရောင်းရန် ဝေးလံသည့် ဒေသတွေမှာ အဆင့်ဆင့်အမြတ်တင်မှု ၁၀ ရာခိုင်နှုန်းထက် မပိုသော ဈေးနှုန်းဖြင့်ရောင်းချရန် အသင်းဝင်ကုမ္ပဏီတွေနှင့် စားသုံးဆီကိုယ်စားလှယ်တွေကို တိုက်တွန်းထားသည်။

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးလုပ်ငန်းကြီးကြပ်မှုကော်မတီက ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့တဲ့ နိုင်ငံတွေမှာ ဖြစ်ပေါ်နေတဲ့ ဈေးကွက်ဈေးနှုန်းအပေါ် အခြေခံပြီး ယခုသီတင်းပတ်အတွက် ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေးအဖြစ် တစ်ပိဿာလျှင် ငွေကျပ် ၇၂၅၀ ဖြစ်ကြောင်း သတ်မှတ်ထုတ်ပြန်ထားသည်။

ပြည်တွင်းမှာ အသုံးပြုနေသည့် စားအုန်းဆီကို နိုင်ငံတော်၏ မူဝါဒအရ ဆီလိုအပ်ချက်ရဲ့ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပြီး တင်သွင်းခွင့်ပြုထားကြောင်း သိရသည်။ **(အောက်ပုံ)**

**(ရွှေမန်း)**



# ပြည်တွင်း ဝါဈေး ဆက်တိုက်မြင့်တက် ဝယ်လိုအားကောင်းနေ



ပြည်တွင်းဝါဈေးဆက်တိုက်မြင့်တက်ဝယ်လိုအားကောင်းနေကြောင်း ဝါလုပ်ငန်းရှင်များထံက သိရသည်။

ယခုနှစ် ရာသီဥတု ဖောက်ပြန်မှုကြောင့် ဝါအထွက်နှုန်းလျော့ကျနေကြောင်းနှင့် ဖန်နဝါရီလမှ လှိုင်လှိုင်ပေါ်မည်ဖြစ်၍ ဈေးကွက်တွင်လက်ကျန်နည်းကာ ဈေးမြင့်တက်နေခြင်း ဖြစ်သည်။

'ကုန်ပစ္စည်းက စစထွက်ချင်းဆို ဈေးတက်တယ်။ အခုက လက်ကျန်နည်းနေပြီး အခုချိန်က ဈေးတက်တဲ့အချိန်ပါ။ ပြီးခဲ့တဲ့နှစ်နဲ့ယှဉ်ရင် ၁၀၀၀ ကျော်လောက်တက်တယ်'ဟု မန္တလေးတိုင်းမှ ဝါလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်လ စတုတ္ထအပတ်က ဝါ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ သာ ရှိခဲ့ရာမှ ဆက်တိုက်မြင့်တက်ခဲ့ပြီး လက်ရှိတွင် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ အထိ မြင့်တက်လျက်ရှိသည်။

ထို့အပြင် တရုတ်ဘက်မှာလည်း ဝယ်လိုအားကောင်းနေခြင်းကြောင့်လည်း ဝါဈေးကောင်းရရှိလာခြင်းဖြစ်ကြောင်း ဝါလုပ်ငန်းရှင်များက ဆိုသည်။

မြန်မာနိုင်ငံက ဝါကို တရုတ်နိုင်ငံသို့ အဓိကထား တင်ပို့နေခြင်းဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် တရုတ်-မြန်မာနယ်စပ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်နယ်စပ်မှတစ်ဆင့် ကြံ၊ ရာဘာ၊ ဝါဂွမ်းနှင့် လျှော်ဖြူတို့အား ပြန်လည်တင်သွင်းခွင့်ပြုထားသည်။

ဝါကို ဂွမ်းထုပ်အဖြစ် စက်များဖြင့်ဖိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိပြီး အရောင်းအဝယ်ဖြစ်နေသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ ဝါဂွမ်းတင်ပို့မှုမှာ ၉၁၇၂ ဒသမ ၂၀ တန်ထိ တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

လက်ကျန် ဝါများဈေးကွက်ရရှိရေးအတွက် A အဆင့်နှင့် C အဆင့် ဝါများအား တင်ဒါစနစ်ဖြင့် စက်မှုဝန်ကြီးဌာနကလည်း ဝယ်ယူပေးလျက်ရှိသည်။

ထိုကဲ့သို့ ဝယ်ယူရာတွင် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းများအတွက် ချည်မျှင်ရှည်ဝါဂွမ်း A အဆင့် ဝါပိဿာချိန် ရှစ်သိန်းနှင့် C အဆင့် ဝါပိဿာချိန် ၁၆၀၀၀၀ အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူထားသည်။

ပြည်တွင်း၌ ဝါသည် ဒီဇင်ဘာလလယ်မှ စတင်ထွက်ပေါ်ကာ ဧပြီလလယ်အထိ ထွက်ပေါ်လျက်ရှိကြောင်း ဝါစိုက်တောင်သူထံက သိရသည်။

ဝါစိုက်တောင်သူများ အနေဖြင့် ဝါကို မိုးနှမ်းနှင့်အတူ ၅လပိုင်းကျော် ၆လပိုင်းခန့်တွင် တွဲစိုက်ကြကြောင်းလည်း သိရသည်။

ပြည်တွင်း၌ ဝါကို မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မြို့နယ်များတွင် အများဆုံးစိုက်ပျိုးကြပြီး အစိုးရအနေဖြင့်လည်း ဝါကို အရေးကြီးကုန်အဖြစ် သတ်မှတ်ထားကြောင်းလည်း သိရသည်။

**ရွှေမန်း**



## မန္တလေးတက္ကသိုလ် သတ္တဗေဒမိသားစု (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပ၊ တစ်သက်တာ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေးတက္ကသိုလ်သတ္တဗေဒမိသားစုကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ မဟာမုနိဘုရားကြီး၊ သာသနာ့(၂၅၀၀)ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်၊ဒုတိယပါမောက္ခချုပ်၊ မော်ကွန်းထိန်း အပါအဝင် ဆရာတော်ကြီးငါးပါးအား ပင့်ဖိတ်၍ အရဏ်ဆွမ်းကပ် အန္တရာယ်ကင်းပရိတ်တရားနာယူခဲ့ကြသည်။

မန္တလေးတက္ကသိုလ်သတ္တဗေဒမိသားစု (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကျင်းပရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၆၃ ဦး တက်ရောက်ကြသည်။ အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချီးဖြင့် ကန်တော့ကြပြီး ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီးဦးအောင်မောင်းက ဆုပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍ သတ္တဗေဒအာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ သတ္တဗေဒဌာနအတွက် မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့များ မွေးထုတ်သင်ကြားပို့ချပေးခဲ့သော ဆရာကြီး ဦးခင်မောင်ကြီးနှင့် ဆရာမကြီး ဒေါက်တာခင်မြမြတို့အား သတ္တဗေဒတစ်သက်တာ ဂုဏ်ထူးဆောင်ဆုများအား ချီးမြှင့်ပေးအပ်ခဲ့ပြီး အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ နွယ်နွယ်စန်းက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး တက်ရောက်လာသော ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား နေ့လယ်စာဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(ဝ၄၅)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

**ကံမ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ဝက်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် ကံမမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်နှင်းယုအေးက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောခဲ့ပြီး ဦးစီးအရာရှိ ဒေါ်သန်းသန်းဆင့်က အသိပညာပေး ပြောကြားရာတွင် ယနေ့ခေတ်လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံတော်၏ တာဝန်များကို လက်ဆင့်ကမ်း ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် ကျောင်းသားလူငယ်များအနေဖြင့် ကျောင်းသင်ခန်းစာများအပြင် ပြင်ပဗဟုသုတများရရှိစေရန် သုတ၊ ရသစာပေများကို ဖတ်ရှုလေ့လာရန် လိုအပ်ကြောင်း စာဖတ်ခြင်းဖြင့် အမှားအမှန် အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်မည်ဖြစ်ကြောင်း အသိပညာပေး ပြောကြားခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ကျော်ဇေယျဝင်း(ကံမ)**



## မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနတွင် စာရင်းစစ်ဆေးနည်း သင်တန်းဖွင့်လှစ်

**မန္တလေး ဒီဇင်ဘာ ၂၅**

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်သည့် (၁၂၀) နှစ်မြောက် သမဝါယမဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၌ သမဝါယမဦးစီးဌာန ဝန်ထမ်းများအား စာရင်းစစ်ဆေးနည်း သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်ထိ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦး၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မူဌေး(သင်တန်းနည်းပြ)၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ၊ မြို့နယ် ၂၅ မြို့နယ်မှ သင်တန်းသား၊ သင်တန်းသူ ၆၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(ထွန်းထွန်းနိုင်)**

## တံတားဦးမြို့နယ်တွင် ဆောင်းသီးနှံများအောင်မြင်ဖြစ်ထွန်း

**တံတားဦး ဒီဇင်ဘာ ၂၅**

တံတားဦးခရိုင် တံတားဦးမြို့နယ်တွင် ဆောင်းသီးနှံများဖြစ်သည့် ကုလားပဲ၊ ဂျုံ၊ နေကြာများ စိုက်ပျိုးပြီးစီးကြ၍ အောင်မြင်ဖြစ်ထွန်းနေကြောင်း တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တံတားဦးမြို့နယ်တွင် ဂျုံ၊ ကုလားပဲ၊ နေကြာသီးနှံမျိုးစုံများကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် စတင်စိုက်ပျိုးပြီး ကျန်ရှိသည့် ဆောင်းသီးနှံများ လျာထားချက်ပြည့်မီရေး ကွင်းဆင်းဆောင်ရွက်နေကြောင်း၊ ဆောင်းသီးနှံများ မစိုက်ပျိုးမီမြေပြုပြင်ခြင်း၊ သဘာဝမြေသြဇာများ ကြဲပက်ရကြောင်း သို့မှသာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ ဂျုံနှင့်နေကြာသီးနှံများကို စိုက်ပျိုးပြီး တစ်လသားအရွယ်တွင် မြေအစိုဓာတ်ရရှိရန်အတွက် ရေသွင်းခြင်း၊ ပုလဲမြေသြဇာများ ကြဲပက်ရကြောင်း ဒါ့အပြင် ကုလားပဲသီးနှံများသည် ရေသွင်းရန်မလိုအပ်ဘဲ နှင်းအစိုဓာတ်များဖြင့် အောင်မြင်ဖြစ်ထွန်းပါကြောင်း၊ ယခုအချိန်တွင် ကုလားပဲစိုက်တောင်သူများအနေဖြင့် မိုးရွာသွန်းမှုမလိုလားကြောင်း၊ မိုးရွာသွန်းလျှင် ကုလားပဲတွင် အပွင့်မှတစ်ဆင့် အသီးအဆင့်သို့ရောက်ရှိသည့်အတွက် အချဉ်ရည်များလျော့၍ အထွက်နှုန်းကျဆင်းနိုင်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများ အပင်ဖြစ်ထွန်းအားကောင်းပြီး အထွက်နှုန်းတိုးတက်ရေးတို့အတွက် တောင်သူများ ပညာပေးသင်တန်းပို့ချပေးခြင်း၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် ပုလဲဓာတ်မြေသြဇာကို အချိန်မှန်မှန်ကျွေးနိုင်ရေး၊ ရေသွင်းရေထုတ်မှန်ကန်ရေးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကနေဒီထွန်းက ပြောသည်။

**(၄၀၉)**



# လှပတဲ့ မနော်ရမ္မံညနဲ့ မြို့တော်ညဈေး အပန်းဖြေသူများနှင့် စည်ကား

မန္တလေးမြို့တော်ညဈေးသစ်မှာ အပန်းဖြေအနားယူသူများနှင့်စည်ကားလာရာ မနော်ရမ္မံကွင်းလုံးပြည့် ဈေးဆိုင်ခန်းများနှင့် ဖွင့်ပွဲမတိုင်မီကတည်းက ပြည့်လျှံလို့နေပါတယ်။ ဒီဇင်ဘာ ၂၇ရက် ညနေပိုင်းမှာတော့ ဖွင့်ပွဲအခမ်းအနားကြီးကျင်းပတော့မှာ ဖြစ်ပါတယ်။

ပြီးခဲ့သော စက်တင်ဘာလအတွင်းက ဈေးဆိုင်များ စုံလင်စွာဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း ဈေးဆိုင်များ စတင်ဖွင့်လှစ်နေပြီဖြစ်ရာ မိုးလေကင်းလွတ်သည့် တန်ဆောင်တိုင် နောက်ပိုင်းကာလတွင် တဖြည်းတဖြည်းဆိုင်ခန်းများ ပြည့်လာပြီးနောက်ပိုင်း ညဈေးသစ်မှာ ပိုမိုစည်ကားလာခြင်းဖြစ်သလို ယခုရက်ပိုင်း လူမှုကွန်ရက်တွင် မနော်ရမ္မံညဈေး လည်ပတ်စားသောက်ပုံများကို ခပ်စိပ်စိပ် တွေ့ရှိလာခဲ့ပါတယ်။

မကြာမီဖွင့်လှစ်တော့မယ့် မြို့တော်ညဈေးသစ်ကို အထင်ကရ မနော်ရမ္မံဥယျာဉ်မြောက်ဘက် ၆၂လမ်းအနောက်၊ ၃၉လမ်းကနေ ၄၁လမ်းအထိ ဧရိယာ ၅၃၀၇၃ စတုရန်းပေနှင့် ပလက်ဖောင်းဧရိယာ ၂၅၄၂၅ စတုရန်းပေ အပါအဝင် စုစုပေါင်း စတုရန်းပေ ၇၈၄၉၈ အကျယ်ရှိ ကွင်းပြင်ပေါ်တွင် Win Hap Co.,Ltd က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီဇင်ဘာလရဲ့ နေ့တာတိုပြီး ညတာရှည်ကာလများရောက်ချိန်မှာ ဆိုင်ခန်းပေါင်း ၃၇၃ ခန်းကို နေရာချထားပြီး ဆိုင်ခန်းအားလုံး ဖွင့်လှစ်ရောင်းချနေသည်။ ဖွင့်လှစ်ရောင်းချသည့် ဆိုင်ခန်းအားလုံးမှာလည်း ဆိုင်လုံးပြည့်စည်ကား နေပြီးမနော်ရမ္မံကွင်းလုံးမှာ ပြည့်လျှံနေသလို လမ်းဘေးဆိုင်ခန်းများမှာလည်း ညနေ ၆ နာရီ ဝန်းကျင်ဆိုလျှင် ၆၂လမ်း မြောက်မှတောင်သွား လမ်းအခြမ်းမှာ ညဈေးလာ ကားများ၊ ဆိုင်ကယ်များနဲ့ လမ်းပြည့်ကျပ်လို့နေပါတော့တယ်။

မြို့တော်ညဈေး ဆိုင်ခန်းများကို ဇုန်များခွဲကာ စားသောက်ဆိုင်တန်းဇုန်၊ စားသောက်ဆိုင်ဇုန်မှာလည်း စားသုံးသူတွေ အဆင်ပြေအောင် အဖျော်ယမကာပါတဲ့ ဆိုင်တန်း၊ မပါတဲ့ ဆိုင်တန်း ခွဲထားပေးတယ်။ အဝတ်အထည်ဖက်ရှင်တန်းဇုန်၊ ရေသုံးစွဲမှုမရှိတဲ့ အမှတ်တရပစ္စည်းဆိုင်တွေအပြင်၊ လူငယ်များ အကြိုက်ဖျော်ဖြေရေးတွေနဲ့ စည်ကားသလို တစ်ဈေးလုံး မီးလင်းထိန်နေအောင် စီစဉ်ပေးထားလို့ ဈေးသည်၊ ဈေးဝယ် အဆင်ပြေလှပါတယ်။

မြို့တော်ညဈေးမှာ အတွင်းတန်းနှင့် အပြင်တန်းရှိပြီး မြို့တော်ညဈေးကွင်းထဲမှာတော့ မာလာရှမ်းကော၊ မာလာမောက်ချိုက်ဆိုင်၊ မာလာဟင်းဆိုင်များ၊ အကင်ဆိုင်များနှင့် အမျိုးသမီးများကြိုက်တတ်သည့် ဈေးဆိုင်တန်းအားလုံးနီးပါး ဆိုင်အပြည့် စားသောက်အပန်းဖြေနေသူများ၊ မိသားစုလိုက်လာရောက်ကြတာကို တွေ့ရပါတယ်။

ခေတ်ရေစီးကြောင်းအရ Solf-Drink သောက်သုံးရင်း Unplugged Coversong တွေကို ခံစားနားဆင်ရင်း အပန်းဖြေစရာအကောင်းဆုံး နေရာလေးဖြစ်လို့လာတာမို့ မြို့တော်ညဈေးကို နေ့တိုင်းလာချင်အောင် ဆွဲဆောင်နေပါတော့တယ်။

သို့ပေမယ့် စီနီယာ မန္တလေးသားကြီးများကတော့ ၈၄လမ်းက ညဈေးကိုလွမ်းနေကြသလို ခေတ်သစ်မန္တလေးသားလေးတွေကတော့ အစားအသောက်ပုံစံအပြောင်းအလဲမှာ အသားကျလို့နေတာကို ဆိုင်နာမည်ခပ်ဆန်းဆန်းများနဲ့ အထာကျလို့နေတာကို တွေ့ရပါတယ်။

မန္တလေးမြို့ခံများ၏ ဧည့်သည်ကိုလိုက်ပို့ပေးရတဲ့ လည်ပတ်စရာနေရာဆိုရင်လည်း ညဈေးတန်းကအပါအဝင် ဖြစ်ပါတယ်။ မန္တလေးညဈေးတန်းဆိုလိုက်တာနဲ့ စာအုပ်၊ စာပေအသစ်များ၊ အဟောင်းများကို တစ်နေရာတည်းရှာဖွေရရှိနိုင်သလို အမြည်းစားရင်း ထိုးမုန့်ဆိုင်တန်းလေးကို




တော့ လျှောက်ဖူးတိုင်း သိကြလေသည်။

မန္တလေးမြို့၏ နှစ်သစ်မကူးခင် ဖွင့်လှစ်မယ့် မြို့တော်ညဈေးကတော့ နှစ်သစ်ကူးရုံးပိတ်ရက်တွေ ကျောင်းပိတ်ရက်တွေနဲ့ ပွဲတော်အကြိုရက်တွေမှာ ဈေးဝယ်ယူသူများနှင့် စည်ကားလေ့ရှိသည်မှာ အစဉ်အလာတစ်ခု ဖြစ်လို့နေပါတယ်။

ယခုခေတ်မှာတော့ ညဈေးတန်းဆိုတာ စားသောက်တန်းတစ်ခုအဖြစ်သာ တွေ့မြင်ရတော့တယ်။ အရင်တုန်းက ဈေးချိုနှာရီစင်အနီး ညဈေးကတော့ လိုချင်တာအကုန်ရတဲ့ နေရာတစ်ခုပါ။




စားလို့သောက်လို့လည်းရ၊ လမ်းလည်းလျှောက်လို့ကောင်း၊ ဧည့်သည်လာရင်လည်းလိုက်ပို့ရတဲ့ အထင်ကရနေရာသစ်တစ်ခု ဖြစ်လို့လာပါတယ်။ အဓိကမြို့တော်ညဈေးမှာ အညာအစားအစာများတော့ မတွေ့ရဘဲ ရှမ်းအစားအစာ၊ တရုတ်အစားအစာ၊ ထိုင်းအစားအစာ၊ ကိုရီးယားအစားအစာများ နေရာယူလာတာ တွေ့ရပါတယ်။ အစားတစ်လိုင်းဆိုသူများအတွက်ကတော့ တစ်နေရာတည်းမှာ အစားမျိုးစုံရရှိနိုင်တဲ့နေရာတစ်ခု ဖြစ်ပါတယ်။

မိသားစုလိုက် လာရောက်အပန်းဖြေသူများအတွက်ကတော့ အမျိုးသားများအတွက် ကော့တေးဘား၊ ဘီယာဆိုင်များရှိပြီး အမျိုးသမီးများအကြိုက် စားသောက်တန်းကြီးများရှိသလို ကလေးငယ်များအတွက် ဆော့ကစားနိုင်တဲ့ မီနီအားကစားကွင်း ကလေးအရုပ်ဆိုင်လေးများ စုံလင်စွာရှိတာမို့ မိသားစုတစ်စုလုံး ပျော်ရွှင်ရတဲ့ နေရာလေးတစ်ခုလို့ ဆိုချင်ပါတယ်။

မြို့တော်ညဈေးအတွင်းမှာ ထူးထူးခြားခြား Unplugged ပိုင်းနှင့်အတူ တေးသံသာများနဲ့ ဖျော်ဖြေပေးတာနဲ့အတူ ကော့တေးဆန်းဆန်းလေးတွေကို မြည်းစမ်းရင်း တစ်နေ့တာပင်ပန်းမှုကို လာရောက်အပန်းဖြေကြတဲ့ လူငယ်လေးတွေကို Night Market Bar ဆိုတဲ့ ဆိုင်လေးမှာ ဆိုင်အပြည့်အားပေးနေကြတာကို တွေ့ရသလို Tik Tok ဆော့သူများအတွက် မျက်စိကျစရာ ဆိုင်အပြင်အဆင်၊ အလှအပများကြောင့်လည်း စည်ကားလို့နေပါတယ်။

မန္တလေးမြို့ ညဈေးတန်းဆိုတာ မန္တလေးရဲ့ လူမှုစီးပွားရေးအခြေအနေများကို ထင်ပေါ်ထင်ဟပ်စေသလို လက်ရှိအချိန်မှာတော့ မန္တလေးမြို့တော်ကြီးမှာ လုံခြုံအေးချမ်းသာယာတဲ့ မြင်ကွင်းတွေကို ဖော်ပြနေပါတယ်။

လက်ရှိကာလမှာတော့ မန္တလေးညဈေးသစ်မှာ ခေတ်ကာလအရ ပြောင်းလဲလာသည့် မုန့်ဆိုင်တန်းများနှင့်အတူ စာအုပ်အဟောင်းဆိုင်လေးများ၊ မန္တလေးဒေသထွက်ထိုးမုန့်၊ လမုန့်တန်းများ၊ အမရပူရဒေသထွက် ပိုးပုဆိုးများ၊ ပိုးထည်များ၊ အမှတ်တရအင်္ကျီထည်လေးများ၊ ကလေးကစားစရာ အရုပ်ဆိုင်လေးများကို တွေ့မြင်ရလျှင် ပြည့်စုံတဲ့ မြို့တော်ညဈေးလေး ဖြစ်လာပါမယ်။

အိမ်နီးချင်း ထိုင်းနိုင်ငံက မန္တလေးမြို့နဲ့ ညီအစ်မမြို့တော် ချင်းမိုင်မြို့က ညဈေးတန်းမှာလည်း ဒေသအစားအစာများနှင့် အဝတ်အထည်ဆိုင်များက နိုင်ငံခြားသားခရီးသွားများကို ဆွဲဆောင်နေသလို ဈေးနှုန်းလည်း သက်သာတာကြောင့် ညစဉ် နိုင်ငံခြားသားများဖြင့် ပိုမိုစည်ကားနေတာဖြစ်ပါတယ်။

ယခုမန္တလေးမြို့တော် ညဈေးကလည်း စားသောက်ဆိုင်ကြီးများထက် ဈေးနှုန်းသက်သာသလို ပေါ့ပေါ့ပါးပါး စားသောက်နိုင်လို့ ညနေကတည်းက စတင်စည်ကားနေတာကို တွေ့ရပါတယ်။

မန္တလေးမြို့တော်ညဈေး Public Area မှာ ဖျော်ဖြေရေးအစီအစဉ်များကို ညစဉ် တင်ဆက်ပေးနေတာကလည်း ညဈေးကို နေ့တိုင်းစည်ကားနေအောင် ဆွဲဆောင်သလို ဖြစ်ပါတယ်။ နောင်အလျဉ်းသင့်ပါက မန္တလေးအထင်ကရ ပြယုဂ်ဖြစ်တဲ့ မြန်မာမှု အကအလှများ၊ တပင်တိုင်ခြင်းလုံး အလှခတ်ကစားမှုများကို ထည့်သွင်းနိုင်လျှင် နိုင်ငံခြားသား ဧည့်သည်တော်များကို ဆွဲဆောင်နိုင်လိမ့်မည်။

ရွှေမန်း







## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပခုက္ကူ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ (၇၇)မြောက် လွတ်လပ်ရေးနေ့အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉နာရီခွဲက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြဇရာ (၂)ခန်းမ၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အစည်းအဝေးတွင် ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးအောင်က (၇၇)မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး၊ ဌာနဆိုင်ရာရုံးများ၊ လူနေအိမ်များ၊ အများ ပြည်သူသွားလာလှုပ်ရှားသည့် (Public Area) နေရာများ၌ နိုင်ငံတော်အလံလွှင့်ထူခြင်း၊ ရောင်စုံမီးအလှဆင်ထွန်းညှိခြင်းများဆောင်ရွက်ရေးအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်နှင့်မြို့နယ်အဆင့် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အခမ်းအနားကျင်းပမည့်အစီအစဉ်များ၊ လွတ်လပ်ရေးနေ့အကြိုအထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့်ကျပန်းစကားပြောပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲနှင့်အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့်ဆုချီးမြှင့်ရေး အစီအစဉ်များကို အသီးသီးရှင်းလင်းတင်ပြကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပြန်လည်ဖြည့်စွက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(၃၄၀)

## လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်

**ပွင့်ဖြူ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်ရည်ရွယ်၍ ဒီဇင်ဘာ ၂၃ ရက်က ဓာတ်အားလိုင်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအဖွဲ့က မြို့နယ်လျှပ်စစ်ရုံးမှ ဝန်ထမ်းများနှင့်အတူ မြို့တွင်း၌ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ၁၁ ကေဗွီ ဓာတ်အားလိုင်းတစ်လျှောက် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လမ်းမီးတိုင်များတွင် သဘာဝဘေးဒဏ်ကြောင့် မီးမလင်းတော့သည့် လျှပ်စစ်မီးသီးများကို စနစ်တကျ ဖြုတ်သိမ်းကာ LED မီးသီးများဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း၊ လျှော့ကျနေသော ဓာတ်အားလိုင်းကြိုးများအား ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်ခဲ့သည်။ အဆိုပါ ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ယာပုံ)**

ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပွင့်ဖြူမြို့အား မြို့ပြအင်္ဂါရပ်နှင့်အညီ အစဉ်အမြဲသန့်ရှင်းသာယာလှပစေရန်အတွက် ယခုကဲ့သို့ မြို့တွင်းရှိ ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် လျှပ်စစ်မီးလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် လျှပ်စစ်မီးသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ပြောသည်။

(၄၄၅)



## မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်တွင် မိတ္ထီလာမြို့နယ် ကန်သာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဒေသစပ်မျိုး နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေအား တာဝန်ရှိသူများ ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးသည် မိတ္ထီလာမြို့နယ် ကန်သာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဒေသစပ်မျိုး နို့စားနွားမွေးမြူရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကန်သာအေးကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံပြီး စီမံကိန်းအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြသွားကြရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကန်သာအေးကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းဖြင့် အစုအဖွဲ့ (၄)စုမှ သမဝါယမအစုအဖွဲ့ပုံစံဖြင့် ဒေသစပ်မျိုး နို့စားနွားမွေးမြူခြင်းကို တစ်ဖွဲ့လျှင် လေးကောင်စီဖြင့် စုစုပေါင်း လေးဖွဲ့မှ ၁၆ကောင်အား မြစိမ်းရောင်ကျေးရွာစီမံကိန်းထောက်ပံ့ငွေကျပ်သိန်း ၃၀၀၊ သက်မွေးအစုအဖွဲ့များမှထည့်ဝင်ငွေ ကျပ်သိန်း ၁၀၀ စုစုပေါင်း ကျပ်သိန်း ၄၀၀ ဖြင့် မွေးမြူထားကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ **(၄၆၉)**




**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။**

ပတ်စရာ၊ မှတ်စရာ
စုံလင်

## မန်းစည်ပင်(၃)

\- - - - - - - - - - - - - - -

* မြေပုံနှင့် မြေရာဇဝင်တွေ
ဂရန်ဘိုးဘွား အမည်ပြောင်းပေးနေ
ဦးပိုင်ခွဲနဲ့ သက်တမ်းတိုး
အလေးထားဆောင်ရွက် ပြည်သူ့အကျိုး
တစ်နှစ်ကို တစ်ကြိမ်ပါ
မြို့မြေငှားခွန်ကောက်ခံကာ
စေတနာထားကာရှေ့ဆောင်ပြ
မြေယာ၊ စီမံခန့်ခွဲမှုဌာန

* (၆) မြို့နယ် အဆောက်အအုံတွေ
ဖျက်သိမ်းပြင်ဆင် ဆောင်ရွက်နေ
ဆိုင်းဘုတ်နဲ့ ကြော်ငြာများ
စနစ်တကျ စည်းကြပ်ကောက်ခံသွား
မီးပွိုင့်နဲ့ လမ်းမီးတိုင်တွေ
အမြဲကောင်းမွန်ဖို့ ဆောင်ရွက်နေ
လမ်းမီးများဝေဆာညရဲ့အလှ
အဆောက်အအုံနှင့် ကုန်ရုံဌာန

* (၆) မြို့နယ်အတွင်းနေရာတွေ
နိုင်လွန်ကတ္တရာခင်းပေးနေ
လူကူးမျဉ်းနဲ့ လမ်းအမှတ်အသား
အရောင်ခြယ်ကာ ဆေးသုတ်ထား
တံတား၊ ပလက်ဖောင်းနဲ့ရေမြောင်းတွေ
လိုအပ်သောနေရာဆောင်ရွက်နေ
ကတ္တရာလမ်းလေးအထာကျ
လမ်းတံတားဌာန၊

* အများပြည်သူဖတ်ရှုရန်
မန္တလေးနေ့စဉ် အချိန်မှန်
စောင်ရေများများဖြန့်ချိရေး
နေ့၊ ညမနား ကြိုးစားပေး
နှစ်ပတ်လည်မဂ္ဂဇင်းမှာ
ဝေဝေဆာဆာဖော်ပြကာ
ဖျော်ဖြေရေးပါတဲ့အစီအစဉ်ကဏ္ဍ
ပြန်ကြားရေးဌာန

* တစ်ပတ်တစ်ခါအစီအစဉ်မှာ
ဟင်းသီးဟင်းရွက် ဝေငှတာ
နေ့စဉ်စားသုံးတဲ့ ဆန်စပါး
သူကထုတ်လုပ်ထား
ဌာနများထဲမှာအရေးပါ
အားလုံးသိဖို့ရာ
လူသားအားလုံးရဲ့ အဓိက
စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန

* စစ်ဆေးရေးအတတ်ပညာ
သိမ်မွေ့နက်နဲရှိလှတာ
အလွဲသုံးစားမဖြစ်စေရေး
ကြိုတင်ကာကွယ်စစ်ဆေးပေး
အမှားတွေလျော့နည်းအောင်
အကြံပြုချက်ပေး လမ်းပြဆောင်
ဘဏ္ဍာငွေ မလေလွင့်ရေးအဓိက
စစ်ဆေးရေးဌာန
ကော်မတီပုံရိပ်ကောင်းဖို့ရယ်
ဌာနအားလုံးကြိုးစားမယ်
(၁၄)ဌာန ဆောင်ရွက်ချက်
မြို့နေလူထု ကောင်းကျိုးအတွက် ။

**သန်းနိုင်စိုး(စိုက်/မွေး)**

# သတင်းပဒေသာ

## အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများ ထုတ်ပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)ကွန်ဟိန်းမြို့၊ မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ယမန်နေ့နံနက် ၈ နာရီခွဲက စတင်၍ ထုတ်ပေးလျက်ရှိသည်။

ကွန်ဟိန်းမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို နိုင်ငံတော်အစိုးရက သတ်မှတ်ထားသော ရုံးပိတ်ရက်များမှအပ ရုံးဖွင့်ရက်များတွင် ထုတ်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိ ထုတ်ပေးသွားမည်ဖြစ်ပြီး အငြိမ်းစားဝန်ထမ်းပင်စင်လစာထုတ်ယူမည့်သူစုစုပေါင်း ၂၃၁ ဦး ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အခမ်းအနားမှူးဆောင်ရွက်ပုံ သင်တန်းဖွင့်

လူငယ်များ စကားပြောစွမ်းရည်မြင့်မားတိုးတက်လာစေရန်၊ အောင်မြင်သော အခမ်းအနားမှူးကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက မိုင်းကိုင်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမတွင် လူထုရှေ့စကားပြောနည်းနှင့် အခမ်းအနားမှူးဆောင်ရွက်ပုံ သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် စိတ်ဝင်စားသူ လူငယ်လူရွယ်များတက်ရောက်ခဲ့ကြသည်။ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်တင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းလှိုင်လှိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် အသက်သုံးနှစ်မှ ငါးနှစ် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ဦးစွာ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်က အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို အသီးသီးပေးအပ်ခဲ့ကြရာ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများ၏ အလှကမ္ဘာမြေ၊ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်၊ ချင်းရိုးရာအက၊ ကိုရီးယားအက၊ သင်္ကြန်ယိမ်းအက စသည့် တေးသရုပ်ဖော်ကပြဖျော်ဖြေမှုများနှင့် သင်တန်းကာလအတွင်း လက်တွေ့ဆောင်ရွက်ခြင်း ခင်းကျင်းပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်က မြို့နယ်အတွင်းရှိ ပင်စင်အငြိမ်းစားဝန်ထမ်းများကို ဒီဇင်ဘာ ၂၃ရက် နံနက် ၈ နာရီခွဲက ပင်စင်လစာငွေများ စနစ်တကျပုံမှန်ထုတ်ပေးလျက်ရှိရာ စိတ်အေးချမ်းစွာ လာရောက်ထုတ်ယူလျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အောင်မြေသာစံမြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှ သံဃာတော်များအား (၁၈၂) ကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူ



**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉လမ်း၊ ၈လမ်းနှင့် ၉လမ်းကြားရှိ ညောင်ကွဲရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ရုံးအရှေ့တွင် ဒီဇင်ဘာ ၂၃ ရက် နံနက် ၅ နာရီခွဲက မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲ(၃) တပ်ခွဲမှူး ဦးမောင်မောင်(ခ)ဦးဇော်ဝင်းအောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့၊ တပ်စုမှူး ဦးတင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ ပူးပေါင်း၍ ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာသော ရဟန်းသံဃာအပါး ၁၂၀ကျော်အား (၁၈၂)ကြိမ်မြောက် ဆွမ်း၊ ကြက်သားအာလူးချက်၊ ကုလားပဲချက်၊ ငါးလေးခြောက်ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ် စသည့် ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၇၀)

# ဘုရားငါးဆူစေတီတော်မြတ်ကြီးတွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ အမှတ်(၃)ရပ်ကွက်ရှိ ဘုရားငါးဆူစေတီတော်မြတ်ကြီးတွင် အသံမစဲမဟာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားအား ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၃နာရီက ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝတ်ရွတ်အသင်းများ၊ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့ဝင်များ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့သည်။

ဆက်လက်ပြီး အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်တွင် ပြုလုပ်ခဲ့ပြီး ဘုရားငါးဆူစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ဗုဒ္ဓဘုရားရှင်၏ သရီရဓာတ်တော်များနှင့် ရဟန္တာဓာတ်တော်မြတ်များအား မူလစံမြန်းရာ ဂန္ဓကုဋိတိုက်မှ မှန်ကျောင်းဆောင်သို့ ပင့်ဆောင်ပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဆင်ပေါင်ဝဲမြို့ ဘုရားငါးဆူဂေါပကအဖွဲ့ထံမှ သိရသည်။ **ဇော်ဝမ်းထွန်း(အောင်လံ)**





## မြို့နယ်စာရေးဆရာအသင်း သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်ရှိ မင်းကျောင်းပရိယတ္တိစာသင်တိုက်၌ ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့နယ်စာရေးဆရာအသင်း သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် စာရေးဆရာအသင်းမှ မင်းကျောင်းပရိယတ္တိစာသင်တိုက်အတွက် ကန်တော့ပွဲ၊ ဝတ္ထုငွေ၊ ဆွမ်းပဒေသာပင်စိုက်ထူငွေတို့အား မင်းကျောင်းဆရာတော် ဘဒ္ဒန္တနာယကထံ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် တရားနာ၍ အမျှပေးဝေကြသည်။

ထို့နောက် တောင်ကြီးမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးခွန်စိန်ဝင်း(မောင်ခွန်နွယ်-အင်းလေး)မှ အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှပေးပို့လာသော စာဆိုတော်နေ့သဝဏ်လွှာကို တောင်ကြီးမြို့နယ် စာရေးဆရာအသင်းဝင် ဒေါ်နေကြာပန်း( ယွန်းဆုဝသန် )က ဖတ်ကြားသည်။

ဆက်လက်၍ ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများအား ကန်တော့ကြပြီး ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများကိုယ်စား ဦးကျော်စိုး(သုနောင်အင်း-အင်းလေး)က မှဒီတာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၃၆၈)

## ဆဌမကြိမ်မြောက် ဆရာကန်တော့ပွဲ ကျင်းပ

**တပ်ကုန်း ဒီဇင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ၁၉၉၇-၁၉၉၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ ဦးဆောင်ကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဆရာကန်တော့ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

"ဒီဆရာကန်တော့ပွဲက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ၁၉၉၇-၁၉၉၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ စုစည်းပါတယ်၊ တစ်ယောက်ကို တတ်နိုင်သလောက် ငွေကြေးပါဝင်ခိုင်းပါတယ်၊ ဆရာကန်တော့ပွဲလုပ်ဖြစ်တာ အခုအကြိမ်နဲ့ဆိုရင် ဆဋ္ဌမအကြိမ်မြောက် ဖြစ်ပါတယ်၊ ပြန်ဆက်ရုံးခန်းမက အခမဲ့ဆိုတော့ ဆရာကန်တော့ပွဲအတွက် အဆင်ပြေပါတယ်"လို့ ကျောင်းသားတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ကန်တော့ပွဲတွင် ကျောင်းသား၊ ကျောင်းသူများက ကန်တော့ချီးဆိုကာ ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၅၂ ဦးအား ဂါရဝပြုငွေများဖြင့် လက်အုပ်ချီကန်တော့ကြပြီး ဆရာကြီး၊ ဆရာမကြီးများက ဆုံးမဩဝါဒစကား ပြန်လည်ပြောကြားပြီးနောက် ကျောင်းသား၊ ကျောင်းသူများ၏ကိုယ်စား ကျောင်းသားတစ်ဦးက ဆရာကန်တော့ပွဲဖြစ်မြောက်ရေး ပါဝင်အားဖြည့်ကြသူများအား ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ဆရာကြီး၊ ဆရာမကြီးများအား အာဟာရဒါနများဖြင့် တည်ခင်း ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# သတိပြုဖွယ် သတင်းနယ်ပယ် (၈)

နိုင်ဗလ

သတင်းစာဟူသည်မှာ ခေတ်၏ကြေးမုံဖြစ်သည်။ ၁၉၆၆ခုနှစ်က ထုတ်သောသတင်းစာကိုကြည့်လျှင် ၁၉၆၆ခုနှစ်ကခေတ်၏ အခြေအနေအကြောင်းအရာအဖြစ်အပျက်များကို ပြန်လည်ခံစားမိစေမည် ဖြစ်သည်။ သတင်းစာ၏အသက်သည် တစ်မနက်ဟု ဆိုကြပေသည်။ လက်တွေ့ပစ္စက္ခဘဝတွင်မှန်သည်။ ယခုဖြစ်၊ ယနေ့ဖြစ်သည့် သတင်းများကို နံနက်ခင်းသတင်းစာတွင်ရှာဖွေဖတ်ရှုတတ်ကြသည်။ နံနက်ခင်းမိုးလင်းသည်နှင့် သတင်းစာကို စောင့်မျှော်ဖတ်ရှုတတ်ကြသည်။ ထိုသို့စောင့်မျှော်၍ ဖတ်ရှုပြီးသည်နှင့် ထိုသတင်းစာသည်ချက်ခြင်း ပျင်းစရာကောင်းသော သတင်းစာဟောင်းဘဝသို့ရောက်ပြီး မုန့်ထုပ်၊ ပစ္စည်းထုပ် ပိဿာချိန်ဖြင့်ရောင်း စသည်ဖြင့် သုံးပြစ်၊ အမှိုက်ပမာလွှင့်ပြစ်တတ်ကြပေသည်။ အနည်းစုသောသူများသာ သတင်းစာကိုသိမ်းဆည်းတတ်ကြသည်။ အထူးသဖြင့် စာကြည့်တိုက်များတွင် သိမ်းတတ်ကြသည်။ တချို့က ထူးခြားသတင်းပါသော သတင်းစာမျိုးကို သာသိမ်းသည်။ တချို့က မိမိနှစ်သက်သော ဆောင်းပါး၊ ကဗျာပါသောသတင်းစာများကို သိမ်းဆည်းတတ်ကြသည်။ ထိုသို့ သိမ်းဆည်းထားသူများအတွက် ပျင်းစရာကောင်းသော သတင်းစာဟောင်းများက ပြန်လည်၍အကျိုးပြု၊ လိုအပ်ချိန်တွင်အသုံးဝင်သည်မှာ လက်တွေ့ပင်ဖြစ်သည်။

> ပျင်းစရာကောင်းသော
> သတင်းစာဟောင်းများသည် နောင်တစ်ချိန်တွင်
> ဖတ်ရှုလေ့လာရမည့် သမိုင်းစာပေများဖြစ်လာမည်
> ဖြစ်သည်။ သတင်းစာသည် ခေတ်၏ကြေးမုံဖြစ်သည်။
> ခေတ်စနစ်ကာလ၏ သမိုင်းဖြစ်သည်။
> ဘဝ၏ကြေးမုံလည်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။
> ထိုခေတ်၏ဖြစ်စဉ်၊ ခေတ်ကြေးမုံ၊ ဘဝ၏ကြေးမုံ၊
> သမိုင်းတို့ကို လိမ်လည်၍လည်းမရနိုင်၊
> ဖုံးကွယ်၍လည်း မရနိုင်ပေ။
> သတင်းစာဟောင်းများကပြောပြသော
> သမိုင်းများကိုလည်း ဖုံးကွယ်၍မရသလို၊
> ဖျောက်ဖျက်ပစ်၍လည်း မရနိုင်ပေ။

ပျင်းစရာကောင်းသော သတင်းစာဟောင်းများသည် နောင်တစ်ချိန်တွင် ဖတ်ရှုလေ့လာရမည့် သမိုင်းစာပေများဖြစ်လာမည်ဖြစ်သည်။ သတင်းစာသည် ခေတ်၏ကြေးမုံဖြစ်သည်။ ခေတ်စနစ်ကာလ၏ သမိုင်းဖြစ်သည်။ ဘဝ၏ကြေးမုံလည်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုခေတ်၏ဖြစ်စဉ်၊ ခေတ်ကြေးမုံ၊ ဘဝ၏ကြေးမုံ၊ သမိုင်းတို့ကို လိမ်လည်၍လည်းမရနိုင်၊ ဖုံးကွယ်၍လည်းမရနိုင်ပေ၊ သတင်းစာဟောင်းများကပြောပြသော သမိုင်းများကိုလည်း ဖုံးကွယ်၍မရသလို၊ ဖျောက်ဖျက်ပစ်၍လည်းမရနိုင်ပေ။ ဟောင်းနွမ်းနေသောသတင်းစာတစ်စောင်တွင် ထိုသတင်းစာထုတ်ဝေခဲ့သော ကာလ၏ ဘဝများသည်လည်းကောင်း၊ ဖြစ်ရပ်များသည်လည်းကောင်း၊ အခြေအနေများနှင့်သမိုင်းစဉ်သည်လည်းကောင်း၊ အဆင့်ဆင့်ပြောင်းလဲလာမှုများကိုလည်းကောင်း ပကတိအတိုင်း ထင်ဟပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ **သမိုင်းလေ့လာသူသည်လည်းကောင်း၊ စီးပွားရေးသမားသည်လည်းကောင်း၊ နိုင်ငံရေးသမားသည်လည်းကောင်း၊ စာသင်သားတို့သည်လည်းကောင်း သတင်းစာဟောင်းများကို လေ့လာနိုင်သမျှလေ့လာသင့်သည်ဟု ဂျာနယ်လစ် ဦးခင်မောင်ကြီးက ကျွန်တော့်အား သင်ကြားညွှန်ပြပေးသွားခဲ့သည်။** ထိုအချက်ကို ပြည့်ဝစွာထောက်ခံခဲ့သည်။ ကျွန်တော်အလယ်တန်း ကျောင်းသားဘဝက စာရေးဆရာမောင်ဘနောက်က ကျွန်တော်တို့၏ မြန်မာစာဘာသာပြဆရာဖြစ်ခဲ့သည်။ စာစီစာကုံးရေးရန် အချက်အလက်များကို သတင်းစာဟောင်းများမှ ရှာဖွေတတ်ရန် ကနဦး ညွှန်ပြပေးသောဆရာဟု ဆိုရမည်ဖြစ်သည်။ အလယ်တန်း ကျောင်းသားဘဝတွင် စနေ၊ တနင်္ဂနွေနေ့တိုင်း နေအိမ်အထိ လာခေါ်၍ ကျောင်းစာများကို ကျူရှင်သဖွယ်(အခမဲ့)သင်ပေးသော ဦးအောင်ဌေးကလည်း သမိုင်းသင်ရင်း သတင်းစာဟောင်းများကိုပါ ဖတ်ရှုစေ၍ သမိုင်းဘာသာကိုပိုမိုစိတ်ဝင်စားစေသူဖြစ်သည်။ ထိုဆရာ ဦးအောင်ဌေးသည် တပ်မတော်တွင်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့အမှုထမ်းပြီး ပြည်ထဲရေးဝန်ကြီးရုံးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံးတွင် ရဲမှူးကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ငယ်စဉ်ကတည်းကပင် နေ့စဉ်ထုတ်သတင်းစာကို ဖတ်ရှုခြင်း၊ သတင်းစာဟောင်းများအား ရှာဖွေဖတ်ရှုခြင်းတို့တွင် ဝါသနာထုံရန် လေ့ကျင့်ပေးခဲ့သည်။ အလယ်တန်းကျောင်းသားဘဝက တပ်မတော်စာစဉ်၊ ရွှေသွေး၊ တေဇ၊ သတင်းစာတို့ကို ဖတ်ရှုမှတ်သားနည်းယူပြီး ကာတွန်း၊ ကဗျာများ၊ စာစီစာကုံးများကို အတုယူရေးတတ်လာခဲ့သည်။ အထက်တန်းတွင် မြန်စာဂုဏ် ခင်မောင်ရင်က သတင်းစာဖတ်ခြင်းအကျိုးသင်ခဲ့သည်။ ငယ်စဉ်ကတည်းက နေ့စဉ်သတင်းစာဖတ်သောအကျင့်ကိုလည်း ဖခင်က လေ့ကျင့်ပေးခဲ့သည်။

တက္ကသိုလ်ကျောင်းသားဘဝကလည်း နံနက်အတန်းတက်ပြီး နေ့ခင်းပိုင်းတွင် စာကြည့်တိုက်သို့သွားသောအလေ့အကျင့်ရှိခဲ့သည်။ စာကြည့်တိုက်ရောက်သည်နှင့် သတင်းစာကိုဦးစွာဖတ်သည်။ ပြီးမှ အခြားစာအုပ်ဖတ်ရန်ငှားရမ်းခဲ့သည်။ အချို့ရက်များတွင် ခေတ်အဆက်ဆက်က သတင်းစာဟောင်းများကို စာကြည့်တိုက်တွင် ငှားရမ်းဖတ်ရှုသည်။(အိမ်ငှား၍မရ)၊ သတင်းစာဟောင်းများကို ငှားဖတ်လျှင် ထိုနေ့၏နေ့တစ်ဝက်ခန့် အချိန်ပေးရသည်။ ထိုသို့သတင်းစာဟောင်းဖတ်သောကျောင်းသားမှာ ကျွန်တော်တစ်ဦးသာရှိသည်ဟု စာငှားကောင်တာမှပြောပြသည်။ ကျွန်တော်ဖတ်သောစာအုပ်ဟောင်းနှင့် သတင်းစာဟောင်းများကို စိတ်ရှည်လက်ရှည်ဖြင့် မညည်းမငြူအမြဲအချိန်ကုန်ခံ၍ ရှာပေးလေ့ရှိသူတစ်ဦးမှာ မန္တလေးတက္ကသိုလ်ရာဇာတ်ဟောမှ မခင်ဦးတင့်(ထိုစဉ်က စာငှားဌာန)ဖြစ်သည်။ မည်သူ့မျှမငှား၍ ဖုန်အလိမ်းလိမ်းဖြစ်နေတတ်သော သတင်းစာဖိုင်များအား စိတ်ရှည်လက်ရှည်သန့်ရှင်းပေးပြီး ကြွပ်မွနေသောစာရွက်များမပျက်မစီးအောင်ဖတ်ရန်သတိပေးပြောဆို၍ အမြဲသတိထားကြည့်ပေးသည်။ စိတ်ရှည်လွန်းသောစာကြည့်တိုက်ဝန်ထမ်းတစ်ဦးဖြစ်သည်။ မိမိကျောင်းပြီး၍ စက်မှုကျွမ်းကျင်နိုင်ငံခြားကုမ္ပဏီဝန်ထမ်း၊ ကျောင်းဆရာ၊ စိုက်ပျိုးမွေးမြူရေးသမား၊ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေး၊ ပရိဘောဂထုတ်လုပ်ရေး စသည်ဖြင့် ဘဝမျိုးစုံကျင်လည်ပြီး သတင်းစာဆရာ ဖြစ်ခဲ့သည်။ သတင်းစာဆရာဖြစ်ပြီး နှစ်အနည်းငယ်တွင် မန္တလေးတက္ကသိုလ်၌ဖွင့်လှစ်သော စာကြည့်တိုက်ပညာအခြေခံသင်တန်း၊ Level I,II,III, ထို့နောက်ဘွဲ့ကြိုသင်တန်း၊ ဘွဲ့လွန်သင်တန်းစသည်ဖြင့် သတင်းစာအယ်ဒီတာလုပ်ရင်း ခြောက်နှစ်ခန့်စာသင်ပြီးချိန်တွင် မန္တလေးတက္ကသိုလ်မှ P.G.D.Lis ဘွဲ့ကိုရရှိခဲ့သည်။ ထိုသင်တန်းများတွင်နည်းပြအဖြစ် ကျောင်းသားဘဝက စိတ်ရှည်စွာစာအုပ်များကိုငှားရမ်းပေးသူ မခင်ဦးတင့်က ဒေါ်ခင်ဦးတင့်အဖြစ် နည်းပြဆရာမဖြစ်ကာပါဝင်သင်ကြားပေးခဲ့သည်။ စာသင်ပေးတိုင်း သတင်းစာဆရာကြီးဟုခေါ်၍ ပြုံးစိစိဖြင့် စာမေးတတ်သည်။ သတင်းစာဟောင်းများဖတ်ခြင်းဖြင့် ဆရာမဒေါ်ခင်ဦးတင့်အား ဒုက္ခပေးခဲ့သူက ယခုသတင်းစာဆရာဖြစ်လာခြင်းအတွက် ရယ်ချင်၍လော၊ ချီးမွမ်းချင်၍လောမပြောတတ်၊ ဆရာမသာ သိပေလိမ့်မည်။ ၁၉၈၆/၁၉၈၇ ခုနှစ်ခန့်က အတန်းမတက်ဘဲ တစ်နှစ်ပတ်လုံးစာကြည့်တိုက်ထဲတွင် စာအုပ်ဖတ်ရင်းအချိန်ကုန်ခဲ့ဖူးသည်။ နံနက်ကျောင်းရောက်သည်နှင့် သူငယ်ချင်းအချို့နှင့် ခဏစကားပြောလက်ဖက်ရည်သောက်သည်။ ပြီးသည်နှင့် စာကြည့်တိုက်သို့သွား၍ သတင်းစာဟောင်းတစ်လှည့်၊ စာအုပ်ဟောင်း တစ်လှည့်ဖတ်သည်။ နေ့လည်စာစားချိန် ခဏထွက်၍ ထမင်း(သို့)လက်ဖက်ရည်နှင့်မုန့်စားသည်။ ပြီးလျှင် စာကြည့်တိုက်တွင်းပြန်ဝင်၍ သတင်းစာဟောင်းများနှင့် စာဟောင်းများဖတ်သည်။ အတန်းမတက်ဘဲ စာဖတ်သောကျွန်တော့်ကို သတိပေးကြသော်လည်း စာဖတ်မပျက်ခဲ့ ထိုနှစ်က စာမေးပွဲမဖြေခဲ့၍ စာမေးပွဲကျခဲ့သည်။ ထို့နောက်နိုင်ငံရေးဖြင့် ကျောင်းများဖွင့်လိုက် ပိတ်လိုက်ဖြစ်ခါနီးတွင် M.D.D.P မန္တလေးနို့ချက်စက်ရုံတွင် အလုပ်ဝင်လိုက်သည်။ ထိုမှစ၍တက္ကသိုလ်စာကြည့်တိုက်နှင့် ခေတ္တဝေးခဲ့သည်။

တက္ကသိုလ်စာကြည့်တိုက်၏အကျိုးကျေးဇူးကြောင့် ရှေးခေတ်သတင်းစာများ၏ ရေးသားပုံရေးသားနည်း၊ အပြင်အဆင်၊ သတင်းစာတွင်ပါသော ခေတ်ကြေးမုံ၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးများကို တင်ပြပုံတို့ကို သတိပြုမိခဲ့သည်။ အ.ထ.က ကျောင်းသားဘဝက သင်ကြားခဲ့ရသော သတင်းစာပညာ ဗဟုသုတဖြင့်လည်း ချိန်ထိုးကြည့်မိခဲ့သည်။ ရှေးခေတ်သတင်းစာများတွင် သတင်း၊ ကြော်ငြာများကို ကာရံနဘေများနှင့် ရေးသားကြသည်ကို လေ့လာမိသည်။ ထိုခေတ်ကာလလူများ၏ ကဗျာလင်္ကာ စိတ်ပါဝင်စားမှုကိုလည်း အကဲခတ်မိသည်။ ထိုရေးသားပုံကို သဘောကျစွာဖြင့် လေ့လာဖတ်ရှုခဲ့သည်။ သတင်းစာအယ်ဒီတာလုပ်သက် ၂၀ခန့်တွင် ညီငယ်သတင်းထောက်တစ်ဦးက ဆောင်းပါးရေးနည်းများနှင့် ပတ်သက်၍ လာရောက်ဆွေးနွေးခဲ့သည်။ ခေတ်အဆက်ဆက်က အရေးအသားများကို လေ့လာနိုင်ရန် သတင်းစာဟောင်းများမှ ဆောင်းပါးရေးနည်းများကို လေ့လာရန်အကြံပေးပြီးရေးနည်းအခြေခံစနစ်အချို့ကို ပြောပေးခဲ့သည်။ ရက်သတ္တပတ် အနည်းငယ်တွင် ထိုညီငယ်ပြန်ရောက်လာပြီး နောက်ပိုင်းရေးနည်းတွေက အကိုကြီး ပြောတဲ့အခြေခံအချက်တွေနဲ့ရေးရင် ရီစရာကြီးဖြစ်မှာဗျဟု ပြောခဲ့သည်။ ခေတ်နဲ့လျော်ညီအောင်ပြုပြင်ပြီး ရေးရင်ရတယ်ကွ ငါရေးပြမယ်ဟုဆိုကာ အလုပ်နားချိန်တွင် ဆောင်းပါးတစ်ပုဒ်ကို ညီငယ်၏ရှေ့တွင်ပင် ရေးပြခဲ့သည်။ ထိုဆောင်းပါးကို ချက်ခြင်းပင် သတင်းစာထဲတွင် ပုံနှိပ်ဖော်ပြခဲ့သည်။ ခေါင်းစဉ်မှာ 'အယ်ဒီတာ---ငါ' ဟူသော ဆောင်းပါးဖြစ်သည်။ အယ်ဒီတာတစ်ဦး၏ နံနက်အိပ်ရာထစမှ အလုပ်ခွင်ဝင်ပုံ၊ အလုပ်ခွင်မှလုပ်ငန်းစဉ်၊ အိမ်ပြန်ရောက်လျှင်ဝတ္တရားနားရက်တွင် အပိုဝင်ငွေထွက်ရှာပုံကို အဆုံးသတ်တွင်ကာရံထည့်၍ ရေးသားပြထားသော ဆောင်းပါးဖြစ်သည်။ သတင်းစာအယ်ဒီတာတစ်ဦး၏ ဘဝနှင့်လုပ်ငန်းစဉ်ကို ဝတ္ထုဆန်သောဆောင်းပါးရေးနည်းတွင် ကာရံစွက်၍ရေးသားပြပေးခဲ့သည်။ ထိုဆောင်းပါးကို သဘောကျ၍ ညီငယ်က ထိုသတင်းစာကို သိမ်းထားလို၍ ပေးလိုက်ရသေးသည်။ ထိုသတင်းထောက် သတင်းစာဆရာလေးအား **'သတင်းရေးတာ၊ သတင်းပညာကို သတင်းပါတာများတဲ့ သတင်းစာမှာပဲ လေ့လာပါ'** ဟု နည်းပေးလမ်းပြခဲ့ဖူးသည်။

သတင်းစာဆရာဟု ခေါ်ဆိုသတ်မှတ်ခံရသည့် အယ်ဒီတာ၊ သတင်းထောက်စသည့် သတင်းစာလုပ်သားများသည် နေ့စဉ်ညစဉ်ကြီးလေးသောတာဝန်ကို ထမ်းရွက်နေကြရသူများဖြစ်သည်။ သတင်းစာဆရာများကို ပြည်သူ့မျက်လုံး၊ ပြည်သူ့နားများဟု တင်စားခေါ်ဝေါ်လေ့ရှိသည်။ ထိုသို့တင်စားသည်နှင့်လျော်ညီစွာ သတင်းစာဆရာများကလည်း မိမိ၏စွမ်းရည်၊ ချင့်ချိန်စဉ်းစားမှုနှင့်၊ ဘက်မလိုက်မှုတို့ဖြင့် သတင်းစာကျင့်ဝတ်စောင့်ထိန်းသော၊ နိုင်ငံတော်၏ ဥပဒေကိုလေးစားလိုက်နာသော သတင်းစာဆရာများဖြစ်လာစေရန် အမြဲလေ့လာသင်ယူနေကြရမည်ဖြစ်သည်။ သတင်းစာပညာ၏ အခြေခံသည်လည်းကောင်း၊ အနှစ်သာရသည်လည်းကောင်း၊ အဆင့်မြင့်ပညာရပ်များသည်လည်းကောင်း၊ ကျင့်ဝတ်သည်လည်းကောင်း သတင်းစာများတွင်သာ ရှိသည်။ ထို့ကြောင့် သတင်းစာဆရာများသည် အသစ်အသစ်သောသတင်းစာကိုလည်း ဖန်တီးရင်း အဟောင်းအဟောင်းသော သတင်းစာကိုလည်း မပြစ်မပယ်လေ့လာနေရမည်ဖြစ်သည်။

**၁၉၆၀-၁၉၆၁ခုနှစ်က ဆီနီဂေါနိုင်ငံသတင်းစာဆရာအသင်းသဘာပတိဒူဒူးဂေယီ (Doudou Geye)က 'သတင်းစာများသည် နိုင်ငံတည်ဆောက်ရေးကို အလုပ်အကျွေးပြုရမည်။ ပြည်သူကိုအကျိုးမပြုသည့်မည်သည့်သတင်းထုတ်ဝေမှုများမှမရှိစေရ၊ နိုင်ငံခြားငွေရှင်များကို မည်သည့်အကြောင်းနှင့်မျှအဝင်မခံစေရ' ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးတို့၏ သတင်းနယ်ပယ်တွင် သတိပြုရမည့်အချက်ကို---ညွှန်ပြခဲ့ခြင်းဖြစ်သည်။**

## မန်းမြို့ဈေး မီးဘေးလုံခြုံရေးစစ်ဆေး မီးသတ်ရေငုတ်များ အသင့်အသုံးပြုနိုင်မှု ကြည့်ရှု

**မန္တလေး ဒီဇင်ဘာ ၂၅**

မီးသတ်ဦးစီးဌာနသည် ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ၊ ဈေးများ၊ ကျောင်းများအား မီးဘေးကာကွယ်ရေးအတွက် စီမံချက်များရေးဆွဲ၍ မီးသတိမူရေး အသိပညာပေးခြင်း၊ ဟောပြောခြင်း၊ စစ်ဆေးခြင်းများအား မြို့နယ်အလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန၊ ဈေးဌာနခွဲ၊ ဌာနခွဲမှူးနှင့် တာဝန်ရှိသူများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များနှင့်အတူ ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ၈၄လမ်း၊ ၃၈လမ်းနှင့်၃၉လမ်းကြားရှိ မန်းမြို့ဈေးတို့အား မီးဘေးလုံခြုံရေးအတွက် ဈေးအတွင်းကွင်းဆင်းစစ်ဆေးခြင်း၊ ဈေးအတွင်းတပ်ဆင်ထားသော အရေးပေါ်ရေပိုက်များအား စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(ဝ၄၅)



## နတ်မောက်မြို့နယ်၊ ဘော်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဒီဇင်ဘာ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ဝန်းထုတ်ချေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ဘော်အိုင်ကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဘော်အိုင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦး ငွေကျပ် ၁၈ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၄ ဦး ငွေကျပ် ၁၆ ဒသမ ၈ သန်း၊ စုစုပေါင်း အသင်းသားအသင်းသူ ၁၄၁ ဦးကို စတုတ္ထအကြိမ်မြောက်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့သည်။ နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအား၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိ ကျေးရွာပေါင်း ၄၁ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူထံက သိရသည်။

(အပေါ်ပုံ)

မူမူစန်း

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ဒီဇင်ဘာ ၂၃ ရက် နံနက် ၇နာရီက အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ၈၆လမ်း၊ ၁၅လမ်းနှင့် ၁၆လမ်းကြားတွင် ရောင်းချသည်။

အခြေခံစားကုန်အရောင်းဆိုင်မှ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၄၀၀၊ ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀၊ ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀၀၊ အမဲသား တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ ၊ ဧည့်မထဆန် ၃ ပြည်လျှင် ငွေကျပ် ၁၀၀၀၀ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချပေးမည့် အစီအစဉ်များမှာ ဒီဇင်ဘာ ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ ၃၂လမ်းနှင့် ၇၆လမ်းထောင့်တွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက် ခရစ်စမတ်နေ့၌ သက်သာဈေးရောင်းချမှု ရပ်နားထားပြီး ဒီဇင်ဘာ ၂၆ ရက် နံနက် ၇ နာရီတွင် ၂၃လမ်းနှင့်၂၄လမ်းကြား၊ ၆၄လမ်းနှင့်၆၅လမ်းကြားတွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့်၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

(အောက်ပုံ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ဈေးအနည်းငယ်ပြန်တက်

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်မှာ ဈေးအနည်းငယ်ပြန်ကျလာရာ တစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်လာပြီး ယခင်သီတင်းပတ်ထက် ငွေကျပ် ၃၀ ဈေးတက်လာခြင်း ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်၊ ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။


ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

(မန္တလေးနေ့စဉ်-၅)

## တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေ ရရှိ

**ကျွန်းလှ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိ၍ အဆင်ပြေလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။



"ဒီနှစ် ဆောင်းရာသီမှာ ချောင်းရေတင်ပြီး ကိုက်လန်၊ မုန်လာထုတ် (ဂေါ်ဖီထုတ်)၊ခရမ်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ခရမ်းချဉ်၊ ပန်းမုန်လာစတဲ့ သီးနှံမျိုးစုံ စိုက်ပျိုးထားပါတယ်။ ယခုအခါ တချို့သီးနှံတွေ ကောက်ယူဆွတ်ခူးရောင်းချနေရပြီး မိသားစုအတွက် တစ်နေ့လျှင် ဝင်ငွေ ၃၅၀၀၀ ခန့် ရရှိနေပါတယ်။ တိုးချဲ့စိုက်ပျိုးဖို့ စီစဉ်ထားပါတယ်" ဟု ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးသူ ရှမ်းစုကျေးရွာ တောင်သူ ဦးမျိုးထွန်းက ပြောသည်။

(ဝဲပုံ)

ကျွန်းလှမြို့နယ်တွင် ချောင်းရေ၊ မြောင်းရေနှင့် မြေအောက်ရေတင်ပြီး သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ယခုနှစ် ဆောင်းရာသီ၌ ဟင်းသီးဟင်းရွက်မျိုးစုံ ၅၇၇ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၄၈၀)

စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော
ကမ္ဘာမြေကို စောင့်ရှောက်စို့ ။



## မန္တလေးတက္ကသိုလ်၌ ပထမနှစ် ကျောင်းသား၊ ကျောင်းသူများ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေးတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (၂၀၂၄ တက္ကသိုလ်ဝင်တန်းအောင်)ပထမနှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ရက် နံနက်ပိုင်းက အဆိုပါတက္ကသိုလ် အင်း၀(၉) ခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မန္တလေးတက္ကသိုလ် ဘွဲ့ကြို၊ ဘွဲ့လွန်တန်း ကျောင်းသား၊ ကျောင်းသူများက "မြကျွန်းညိုညို" သီချင်းဖြင့် ဧည့်ခံဖျော်ဖြေခဲ့ပြီး မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက တက်ရောက်လာကြသော မောင်မယ်သစ်လွင်များကို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားခြင်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ စီမံဌာနမှူးများနှင့် မိတ်ဆက်ပေးခဲ့သည်။

ထို့နောက် ဘွဲ့ကြို၊ ဘွဲ့လွန်တန်း ကျောင်းသားတစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၁)ကြိမ်မြောက် ASEAN University Games (AUG) အားကစားပြိုင်ပွဲ၊ ပီတန်းအားကစားပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူကိုးဦးနှင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မီတာ(၄၀၀) အပြေးပြိုင်ပွဲဝင် ကျောင်းသူတစ်ဦးတို့အား ဆုများ အသီးသီး ချီးမြှင့်ခဲ့သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် (၂၀၂၄တက္ကသိုလ်ဝင်တန်းအောင်) ပထမနှစ် ကျောင်းသား၊ ကျောင်းသူများအား မန္တလေးတက္ကသိုလ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ စီမံဌာနမှူးများနှင့် ဆရာ၊ ဆရာမများက နွေးထွေးစွာ ကြိုဆိုခဲ့သည်။

**(အပေါ်ပုံ) (၀၅၆)**

## နှစ်သစ်အကြို စာအုပ်ဈေးရောင်းပွဲတော် ကျုံးတောင်ဘက်ခြမ်းတွင် ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၅**

နှစ်သစ်အကြို စာအုပ်ဈေးရောင်းပွဲတော်ကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၆လမ်း၊ နန်းမြို့ကျုံးတောင်ဘက် Public Area တွင် ဒီဇင်ဘာ ၂၂ ရက်မှ ၃၁ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရောင်းချပေးလျက်ရှိသည်။

နှစ်သစ်အကြို စာအုပ်ဈေးရောင်းပွဲတော်တွင် ကြိုက်တာယူ တစ်အုပ် ငွေကျပ် ၁၅၀၀ အစီအစဉ်များဖြင့် ကာတွန်း၊ ဝတ္ထု၊ သုတ၊ ရသစာအုပ်များ၊ သင်ကြားရေးဆိုင်ရာ အထောက်အကူပြု စာအုပ်များ၊ ဗေဒင်လက္ခဏာ စာအုပ်များ၊ မြန်မာအင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထားသော စာအုပ်များ၊ ရှားပါးစာအုပ်များ စုံလင်စွာ ရောင်းချပေးလျက်ရှိသည်။ "ရန်ကုန်က လာရောက်ဖွင့်လှစ်ရောင်းချတာပါ။ စာအုပ်ဈေးတွေ မြင့်တက်နေချိန် လူတိုင်းဖတ်နိုင်ရန် သုတ၊ ရသစာအုပ်များ ငွေကျပ် ၁၅၀၀၊ ၂၀၀၀ ဖြင့်လည်းကောင်း၊ ရှေးဟောင်းစာအုပ်များကို ငွေကျပ် ၃၀၀၀ ဝန်းကျင်ဖြင့် နှစ်သက်ရာ ရွေးချယ်ဝယ်ယူနိုင်ရန် ရောင်းချနေတာပါ"ဟု စာအုပ်ဆိုင်ရှင်တစ်ဦးက ပြောသည်။

နှစ်သစ်အကြို စာအုပ်ဈေးရောင်းပွဲတော်တွင် ရန်ကုန်မြို့မှ စာအုပ်ဆိုင်(၁၀)ဆိုင်ခန့် လာရောက်၍ ရောင်းချပေးကြောင်း သိရသည်။

**(အောက်ပုံ)**

**မောင်ပြည်သူ(မန္တလေး)**



## Mandalay Christian Council မှ ကြီးမှူး၍ ခရစ်စမတ်အကြို စုပေါင်းဆုတောင်းပွဲနှင့် မိတ်ဆုံပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၅**

Mandalay Christian Council မှ ကြီးမှူး၍ ခရစ်စမတ်အကြို စုပေါင်းဆုတောင်းပွဲ၊ မိတ်ဆုံပွဲနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ လဲလှယ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းက မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်ရှိ တက္ကသိုလ်များ မိတ်သဟာရခန်းမတွင် ကျင်းပရာ ခရစ်ယာန်သာသနာမှ သိက္ခာတော်ရ ဆရာတော်များ၊ IWPG ကော်မတီဝင်များ၊ ဘာသာပေါင်းစုံမှ ဧည့်သည်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ခရစ်ယာန်သာသနာမှ သိက္ခာတော်ရ ဆရာတော်နှင့် တက်ရောက်လာသော ဘာသာပေါင်းစုံအဖွဲ့ဝင်များက ခရစ်တော်မွေးနေ့ အထိမ်းအမှတ် ဆုတောင်းမေတ္တာပို့ကြသည်။ ထို့နောက် တက်ရောက်လာသူများက ဓမ္မတေးများ စုပေါင်းသီဆိုခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ လဲလှယ်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၄၅)**

## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့ စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက မြန်မာ့စီးပွားရေးဘဏ်ရုံးအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေးကုသပေးခဲ့ပြီး သက်ဆိုင်ရာရောဂါများအလိုက် သောက်ဆေးများကို အခမဲ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## အမြိတ်စား ကြက်သွန်နီစိုက်သူများ အမြတ်များများရနေ

**စစ်ကိုင်း ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးခရိုင်၊ ရေဦးမြို့နယ်တွင် အမြိတ်စား ကြက်သွန်နီစိုက် တောင်သူများ ရောင်းကောင်းကာ အမြတ်များများ ရနေသည်။

တစ်ဧကလျှင် အမြတ် ရှစ်သိန်းကျော်ရနေပြီး မျိုးစေ့ကို ပျိုးထောင်စိုက်လျှင် ကြက်သွန်အမြိတ်လှကာ ဥနှင့်အမြိတ် လိုက်ဖက်ညီပြီး ရောင်းပန်းလှသလို ကုန်ကျစရိတ်သည် တစ်ဧကလျှင် ငွေကျပ် ၁၅သိန်းခန့် ကုန်ကျသည်။

"အမြိတ်ထောင်ကိုတော့ တစ်ဧက စိုက်ထားပါတယ်။ ကြက်သွန်နီဥအတွက် တစ်ဧက စိုက်ထားပါတယ်။ မျိုးစေ့က ဒေသမျိုးဖြစ်တယ်။ မျိုးစေ့ဈေးနှုန်းက တစ်ပုလင်းကို ငွေငါးသောင်းကျပ် ပေးဝယ်ရပါတယ်။ မျိုးစေ့ဝယ်ပြီး ပျိုးထောင်စိုက်ခဲ့တာဆိုတော့ ရက်ပေါင်း ခြောက်ဆယ်လောက်မှ ကြက်သွန်အမြိတ်က ဈေးကွက်ဝင်တယ်"ဟု ကြက်သွန်စိုက်သူက ပြောသည်။

ရေဦးမြို့နယ်မှ တောင်သူများသည် ဆန်စပါးအပြင် ကိုယ်ပိုင်မြေကွက်လပ်တွင် ယာသီးနှံဖြစ်သော အမြိတ်စားကြက်သွန် စိုက်ပျိုးထားခြင်းဖြစ်ပြီး အမြိတ်စားကြက်သွန်ကို မိုးအကုန် စတင်ပျိုးထောင်ပြီး ဆောင်းအဝင် စတင်စိုက်ပျိုးခဲ့သည်။

ကြက်သွန်အမြိတ်ပြီးလျှင် နောက်တစ်လကျော်လျှင် ကြက်သွန်နီဥ ဆက်လက်တူးဖော်သွားမည်ဖြစ်ပြီး ခန့်မှန်းပိဿာ တစ်ထောင်ကျော်ထွက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**(အောက်ပုံ) (၃၉၄)**



# မြို့နယ်အတွင်းမီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**သာစည် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်းမီးဘေးအန္တရာယ်မှ ကင်းဝေးစေရန် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက သာစည်မြို့၊ အမှတ်(၁) ငါးဆူတိုးချဲ့ ရပ်ကွက်ရှိ ဇဇဇသံမဏိစက်ရုံ၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့်မီးသတ်ဆေးဘူးအသုံးပြုနည်း ပြသပေးကာ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။



ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက စက်ရုံ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။ ထို့နောက် စက်ရုံတာဝန်ခံ ဦးကျော်ကျော်သန်းနှင့် စက်ရုံလုပ်သားများအား မီးဘေးလုံခြုံရေး အကြံပြုချက်များပေးခြင်း၊မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးစနစ်တကျအသုံးပြုနည်းများ ပြသပေးကာ စက်ရုံလုပ်သားများအား လက်တွေ့မီးငြိမ်းသတ်စေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၈၇)



# ဆန်စပါး ကြားပွဲစားများ ဈေးကစားမှုမရှိစေရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မြို့နယ်ဦးစီးမှူးရုံးတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဒီဇင်ဘာ ၂၁ရက်က ဆန်စပါး ကြားပွဲစားများ ဈေးကွက်ကစားမှု မရှိစေရေးနှင့် ဈေးကွက်တည်ငြိမ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမျိုးလွင်က ဆန်စပါး ကြားပွဲစားများ ဈေးကစားမှုမရှိစေရေးနှင့် ဈေးကွက်တည်ငြိမ်ရေးကို နိုင်ငံတော်မှ အထူးအလေးထားဆောင်ရွက်လျက်ရှိရာ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဆန်စပါး ကြားပွဲစားပြုလုပ်မည်ဆိုပါက ကြားပွဲစား မှတ်ပုံတင်ပြုလုပ်ထားရမည်ဖြစ်ကြောင်း၊ ကြားပွဲစားကတ်များ ကိုင်ဆောင်သူမှသာလျှင် ဆန်စပါးဝယ်ယူခွင့် ရရှိမည်ဖြစ်ကြောင်း၊ စပါးဝယ်ယူရာတွင် တစ်လတစ်ကြိမ် ထွက်ရှိသော ဆန်ရည်ညွှန်းဈေးထက် ပိုမိုဝယ်ယူလျှင် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် စပါးကြားပွဲစား မှတ်ပုံတင်ကတ်ကိုင်ဆောင်ထားခြင်းမရှိသည့် ကြားပွဲစားများအား ဒေသန္တရ အမိန့်အရ ပုဒ်မ ၁၈၈ဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပညာပေးဆွေးနွေး ပြောကြားသည်။

အဆိုပါ ဆန်စပါး ကြားပွဲစားများ ဈေးကစားမှုမရှိစေရေး အသိပညာပေးဆွေးနွေးပွဲသို့ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကြားပွဲစား ၁၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

နောင်နောင်(မိဿနီးမြေ)

# မိတ္ထီလာတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနား ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မိတ္ထီလာတက္ကသိုလ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဦးစွာ မိတ္ထီလာတက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများက လှမ်းခဲ့ပါအဆွေ ထီလာတက္ကသိုလ်မြေ သီချင်းဖြင့်လည်းကောင်း၊ပုဂံလမ်းက စောင့်နေမယ်၊ တို့သတိရနေမှာပါ သီချင်းများဖြင့် လည်းကောင်း သီဆိုကပြဖျော်ဖြေကြသည်။ ဆက်လက်၍ မိတ္ထီလာတက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ဘာသာရပ်ဆိုင်ရာဌာနမှူးများနှင့် ကျောင်းသူ၊ ကျောင်းသားများအား မိတ်ဆက်ပြီးနောက် ပါမောက္ခချုပ်ဒေါက်တာဘဟန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ထို့နောက် ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်လင်း၊ဒုတိယပါမောက္ခချုပ် ဒေါက်တာမင်းသောင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားပြီး၊ သိပ္ပံဘာသာရပ်ဆိုင်ရာနှင့် ဝိဇ္ဇာဘာသာရပ်ဆိုင်ရာတို့အကြောင်း သိကောင်းစရာများနှင့် သက်ဆိုင်ရာဘာသာရပ်အလိုက် ကြိုဆိုနှုတ်ခွန်းဆက်စကားများကို ဘူမိဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာဉာဏ်ဝင်းနှင့် ပထဝီဝင်ဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာတင်တင်ဖြိုးတို့ကလည်းကောင်း၊ သင်တန်းရေးရာဆိုင်ရာများအကြောင်း သိကောင်းစရာများကို သင်တန်းရေးရာဌာနမှူး ဒေါ်စန်းစန်းညွှန့်ကလည်းကောင်း အသီးသီးပြောကြားပြီး ဘာသာရပ်ပေါင်းစုံမှ ကျောင်းသူ၊ကျောင်းသားများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၄၅၃)**



သန့်ရှင်းသာယာမန္တလာ
ပိုင်းဝန်း
ထိန်းသိမ်းပါ။

# မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု (ဆင့်ပွား)သင်တန်း ဖွင့်လှစ်

**ဇမ္ဗူသီရိ ဒီဇင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု (ဆင့်ပွား)သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲတွင် နေပြည်တော်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သီဟက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ သင်တန်း၌ အရေးပေါ်မီးငြိမ်းသတ်ရေး၊ အန္တရာယ်ရှိ ဓာတုဗေဒပစ္စည်း များ၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်နှင့် အထပ်မြင့်အဆောက်အအုံများအား မီးဘေးလုံခြုံမှုရှိစေရေးနှင့် အရေးပေါ်လွတ်မြောက်မှုအတွက် ထည့်သွင်းတပ်ဆင်ထားရမည့် ခေတ်မီ Fire Protection System များ၊ လျှပ်စစ်သုံးယာဉ် (Electric Vehicle) မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ဘာသာရပ်များကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချမည်ဖြစ်ပြီး မြို့နယ်မီးသတ်ဦးစီးဌာနများမှ မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တစ်နိုင်တစ်ပိုင် ဥစားကြက်မွေးမြူခြင်းဖြင့် မိသားစုဝင်ငွေရရှိ

**နတ်မောက် ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့တွင် ဒေသခံပြည်သူများ သန့်ရှင်းလတ်ဆတ်သည့် ကြက်ဥများ စားသုံးနိုင်စေရန် ကြက်ဥစားသုံးခြင်း ဖူလုံမှုရှိစေရန်နှင့် မိသားစုဝင်ငွေရရှိစေရေးအတွက် တစ်နိုင်တစ်ပိုင် ဥစားကြက်မွေးမြူထားကြောင်း ကြက်ပိုင်ရှင်ထံက သိရသည်။



ကျွန်တော်ကတော့ ဥစားကြက်မွေးမြူသူ ဖြစ်ပါတယ်၊ ကြက်မွေးမြူရာတွင် ရာသီအလိုက် ဖြစ်ပွားတတ်တဲ့ ရောဂါများကျရောက်မှုမရှိစေရေးအတွက် ကာကွယ်ဆေးနှင့် သံချဆေးများ ပုံမှန်တိုက်ကျွေးရပါတယ်၊ ကြက်တွေကို အစာကျွေးတဲ့အခါ တစ်နေ့ကို သုံးကြိမ် ကျွေးပါတယ်၊ ဥစားကြက်ကို အခုမှစမွေးဖြစ်တဲ့အတွက် ကြက်ကောင်ရေ ၂၀လောက်ပဲ မွေးမြူပြီး ကြက်ဖကတော့ နှစ်ကောင်ပဲရှိပါတယ်၊ ဥကြက်မတစ်ကောင်လျှင် ၁၂ လုံးမှ ၁၅ လုံးအထိ ဥပါတယ်၊ စက်ကိရိယာဖြင့် သားဖောက်ထားသည်မဟုတ်ဘဲ သဘာဝသားဖောက်ကြက်ဥများဖြစ်သည့်အတွက် ကြက်ဥတစ်လုံးကို ငွေကျပ် ၆၀၀ ရောင်းရပါတယ်"ဟု မြို့မရပ်ကွက်နေ ကြက်မွေးမြူသူ ဦးကျော်ကျော်က ပြောကြောင်း သိရသည်။

(ဝဲပုံ)(လှဝင်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

# (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ စာပြန်သံဃာများအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လာရောက်ဖူးမြော်ကြည်ညို

ရန်ကုန် ဒီဇင်ဘာ ၂၅

(၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝင်ရောက်ဖြေဆိုလျက်ရှိသည့် စာပြန်သံဃာတော် (၇၇)ပါးတို့အား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တာဝန်ကျ(ပထမအဖွဲ့ခွဲ) ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဇောတိပါလ မြင်းခြံဆရာတော်ကြီး အမှူးပြုသော ပညာရေးအဖွဲ့ငယ်ဆရာတော် ငါးပါးတို့က ကြွရောက်ချီးမြှောက် အားပေးခဲ့ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းမှာ ၁၃၁၀ ပြည့်နှစ်တွင် သူဌေးကြီး ဆာဦးသွင်ကို ဥက္ကဋ္ဌတင်မြှောက်၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ တိပိဋကဓရရွေးချယ်ရေးအဖွဲ့တစ်ခု ဖွဲ့စည်းပြီး တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲဆိုင်ရာ လိုက်နာသင့်သည့် (စည်းမျဉ်းဥပဒေ)ကို ရေးသား၍ စာမေးပွဲကြီးကို (၁၃၁၀ ပြည့်နှစ်) ၁၉၄၈ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးသို့ ဝင်ရောက်ဖြေဆိုကြမည့် ရဟန်းသာမဏေများသည် အနည်းဆုံးပထမကြီး၊ ဝိနယဝိဒူ၊ သာမဏေကျော်(တတိယဆင့်) အောင်မြင်ပြီးသော ရဟန်း၊ သာမဏေများဖြစ်ရမည်ဖြစ်ပြီး သင်ရိုးပိဋကသုံးပုံပါဠိတော်ကျမ်းစာအုပ်များမှာ ဝိနယပိဋကကျမ်းစာအုပ် ငါးအုပ်၊ စာမျက်နှာပေါင်း ၂၂၆၀၊ သုတ္တန္တပိဋက၊ ကျမ်းစာအုပ် သုံးအုပ် စာမျက်နှာပေါင်း ၇၇၉ မျက်နှာ၊ အဘိဓမ္မပိဋက ကျမ်းစာအုပ် ၁၂ အုပ်၊ စာမျက်နှာပေါင်း ၄၉၈၇ မျက်နှာ၊ စုစုပေါင်းကျမ်းစာအုပ် ၂၀၊ စာမျက်နှာပေါင်း ၈၀၂၆ မျက်နှာဖြစ်၍ အာဂုံပြန်ဆို အောင်မြင်ပါက "တိပိဋကဓရဘွဲ့"ကို ဆက်ကပ်ပြီး ယင်းကျမ်းစာအုပ် ၂၀ နှင့် အဖွင့်ကျမ်းများဖြစ်သည့် အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ အနုဂဏ္ဌိ စသောကျမ်းစာအုပ်များမှ အဓိပ္ပာယ်အရကောက်များကို သဘောရေးဖြေ အောင်မြင်တော်မူလျှင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို ဆက်ကပ်ကာ နိုင်ငံတော်က ကုန်း၊ ရေ၊ လေ အခမဲ့အထက်တန်းခရီးသွားလက်မှတ် (ရာသက်ပန်) တပည့်နှစ်ဦးအပါအဝင် လစဉ်ဆွမ်းဆန်တော်တို့ကို ဆက်ကပ်လှူဒါန်းသည်။

အာဂုံပြန်ဆိုချိန်မှာ တစ်ရက်လျှင် နံနက်ပိုင်း ၈ နာရီမှ ၁၀ နာရီအထိ လေးကြိမ်၊ မွန်းလွဲပိုင်း ၁ နာရီမှ ၄ နာရီအထိ ငါးကြိမ် စုစုပေါင်း ကိုးကြိမ်နှုန်းဖြင့် ၁၈ ရက်တိတိ ပြန်ဆိုရပြီး သဘောရေးဖြေစာမေးပွဲကို မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ငါးရက် ဖြေဆိုရကာ အာဂုံပြန်ဆိုရာတွင် အထစ်အငေါ့မရှိ ထူးကဲစွာ ပြန်ဆိုနိုင်လျှင် ဝိသိဋ္ဌဝိနယဓရ၊ ဝိသိဋ္ဌဒီဃဘာဏကနှင့် ဝိသိဋ္ဌအာဘိဓမ္မိကဘွဲ့၊ သဘောရေးဖြေတွင် သတ်မှတ်အောင်မှတ်နှင့် အထက်ရရှိပါက မဟာဝိနယကောဝိဒ၊ မဟာဒီဃနိကာယကောဝိဒနှင့်မဟာအဘိဓမ္မကောဝိဒဘွဲ့တို့ကို ဆက်ကပ်၍ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို ခံယူရရှိတော်မူပြီး အနည်းဆုံး ငါးနှစ်သက်တမ်းပြည့်မြောက်လျှင် "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်သည်။

စာမေးပွဲကြီးစတင်ကျင်းပသည့် (၁၃၁၀ ပြည့်နှစ်) ၁၉၄၈ ခုနှစ်မှစ၍ ၂၀၂၄ ခုနှစ်အတွင်း တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်သူမြတ် ၁၆ ပါး ပေါ်ထွန်းခဲ့ပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်သူမြတ် ၁၆ ပါးတွင် သက်တော်ထင်ရှား ဆရာတော် ၁၁ ပါးရှိ၍ ငါးပါး ပျံလွန်တော်မူပြီးဖြစ်ကြောင်းနှင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတွင် သက်တော်ထင်ရှား ဆရာတော် ငါးပါးရှိသည်။

ယနေ့တွင် အဘိဓမ္မာ(ဒုတိယပိုင်း) စာပြန်သံဃာတစ်ပါး၊ အဘိဓမ္မာ (ပထမပိုင်း) စာပြန်သံဃာတစ်ပါး၊ ဒီဃနိကာယ် စာပြန်သံဃာ ငါးပါး၊ ဝိနည်း (ဒုတိယပိုင်း) စာပြန်သံဃာ ၃၉ ပါး၊ ဝိနည်း (ပထမပိုင်း) စာပြန်သံဃာ ၃၁ ပါး စုစုပေါင်း ၇၇ ပါးတို့ အာဂုံပြန်ဆိုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## UFC Fight Night ပြိုင်ပွဲတွင် အဒီဆန်ညာနှင့် အီမာဗော့ဗ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်

ဆော်ဒီနိုင်ငံတွင် ကျင်းပမည့် UFC Fight Night ပြိုင်ပွဲတွင် မစ်ဒယ်ဝိတ်တန်း ချန်ပီယံဟောင်း အဒီဆန်ညာနှင့် အီမာဗော့ဗ်တို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

အသက်(၃၅)နှစ်အရွယ်ရှိ နိုင်ဂျီးရီးယားနွယ်ဖွား အဒီဆန်ညာသည် ကစားသမားဘဝတစ်လျှောက်တွင် ပရော်ဖက်ရှင်နယ်ပွဲ စုစုပေါင်း ၂၈ ပွဲထိုးသတ်ထားရာ ၂၄ပွဲနိုင်၊ ၄ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ရုရှားနွယ်ဖွား အီမာဗော့ဗ်သည်လည်း ကစားသမားဘဝတစ်လျှောက်တွင် ပွဲပေါင်း ၁၉ ပွဲထိုးသတ်ထားရာ ၁၅ ပွဲနိုင်၊ ၄ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်သည်။

ဆော်ဒီနိုင်ငံတွင် ရိယာ့ဒ်မြို့ရှိ ANB Arena တွင် ကျင်းပမည့် UFC Fight Night ပြိုင်ပွဲကို လာမည့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် တွဲဆိုင်း စုစုပေါင်း ၁၁ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မစ်ဒယ်ဝိတ်တန်း ချန်ပီယံဟောင်း အဒီဆန်ညာနှင့် အီမာဗော့ဗ်တို့က ခေါင်းတွဲဆိုင်းအဖြစ် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

(NGB)